မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၄)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခြင်းခံရသော မစ္စတာ စမတ်(ခ်) စွန်ထော်ရဝ့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နမ့်တိန်ချောင်း (ကျိုင်းတောင်းရေတံခွန်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နမ့်တိန်ချောင်း(ကျိုင်းတောင်းရေတံခွန်)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ရည်မှန်းချက်အတိုင်းပြီးစီးရေး ကြိုးပမ်း

လျှပ်စစ်ဓာတ်အားများ စနစ်တကျပြည့်ဝစွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၂၉ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မိုင်းဆတ်မြို့သို့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာမင်းသိန်းက ဆေးရုံကြီး၏သမိုင်းကြောင်းနှင့် ဆေးဝါးကုသမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

လိုအပ်သည်များမှာကြား

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံ၏ခွဲစိတ်ခန်းအတွင်းရှိ ဆေးဝါးပစ္စည်းကိရိယာများ၊ ဆေးစတိုခန်းအတွင်း ဆေးဝါးများစနစ်တကျသိုလှောင်ထားရှိမှုနှင့် ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လူနာများအား ထိထိရောက်ရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်)

အမျိုးသားအကျိုးစီးပွား တောင့်တင်းခိုင်မာရေး သယံဇာတများ ခေတ်မီနည်းပညာဖြင့်ထုတ်လုပ်

မြန်မာနိုင်ငံတွင် အတတ်ပညာနှင့် နည်းပညာစွမ်းပကားများ တိုးတက်ပြောင်းလဲရေးအတွက် ကဏ္ဍအသီးသီး၌ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ဇီဝနည်းပညာကို လူသားများအတွက် အကျိုးရှိစွာအသုံးချပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြရမည် ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံထားရာ စိုက်ပျိုးရေးနှင့်ချိတ်ဆက်ပြီး သားငါး၊ သစ်တောကဏ္ဍ ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရေး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

နိုင်ငံတော်က သဘာဝပတ်ဝန်းကျင် အရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် အနာဂတ်အတွက် အမွေခံကောင်း တစ်ခုသာမက ကမ္ဘာ့ပတ်ဝန်းကျင်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

သစ်တောကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေ၊ မြေ၊ ရာသီဥတု မျှတရေးအတွက် သစ်တောများ စနစ်တကျထုတ်လုပ်ရေး၊ ထိန်းသိမ်းရေးနှင့် ပြုစုပျိုးထောင်ရေးကို အလေးထားဖော်ဆောင်လျက်ရှိသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြည်တွင်းရှိ မျိုးကောင်းမျိုးသန့်များ ရှာဖွေဖော်ထုတ်ပြီး မိမိတို့၏ရာသီဥတု၊ အစာအာဟာရတို့နှင့်ကိုက်ညီမည့် နည်းစနစ်များဖြင့် လုပ်ကိုင်မွေးမြူသွားကြရမည် ဖြစ်သည်။

အပင်၊ သားငှက်၊ တိရစ္ဆာန်မျိုးစုံ၊ အပူပိုင်းသစ်တော၊ တောင်ပေါ်သစ်တော၊ အင်တိုင်းတော၊ ဒီရေတောစသည့် သဘာဝ အနေအထားအမျိုးမျိုးတို့သည် ဇီဝမျိုးစုံ မျိုးကွဲများဖြစ်သည်။ ဇီဝမျိုးစုံ မျိုးကွဲများထိန်းသိမ်းရေးသည် လူသားမျိုးဆက်များအတွက် အရေးပါသော လုပ်ငန်းဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက မိမိတို့ဒေသအလိုက် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင်လည်း သုတေသနလုပ်ငန်းသည် အရေးပါလျက်ရှိရာ လူ့စွမ်းအား၊ နည်းပညာစွမ်းအားများကို ပိုမိုတိုးတက်ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လယ်ယာ၊ သားငါးနှင့် သစ်တော၊ သယံဇာတများကို ခေတ်မီ နည်းပညာများဖြင့် ပေါင်းစပ်ပြီး ထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားရေး ဆောင်ရွက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွား တောင့်တင်းခိုင်မာလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ကမာရွတ်မြို့နယ် ဦးဝိစာရလမ်း အမှတ်၂၇၈ (B)နေ ဖခင်ကြီး ဦးဟန်စိန်နှင့် မိခင်ကြီး ဒေါ်တင်ကြူတို့အား ရည်စူး၍ သားသမီး၊ မြေးမြစ်တစ်စုက အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးအေးမြင့်နှင့် ဦးဟံညွန့်တို့က လက်ခံယူကြသည်။**(အောက်ပုံ)**

အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁-၂-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၄။	မဟာဂီတချိုကြည်မြ
၄:၅၅	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၃၀	၁၁။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၆၇)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	စေညွှန်ရာလမ်းမများ **တက္ကစီမင်းနှင့် ရုပ်ရှင်ရှူး**
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပအထူး ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးအတွင်း၌ တစ်လနှစ်ကြိမ် ကျင်းပအပ်သော ဝါပအထူး၁၀ရက်စခန်းတရားပွဲကို တပို့တွဲလဆန်း ၆ရက်မှ ၁၅ရက်(ဖေဖော်ဝါရီ ၁၂ရက်မှ၂၁ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သဇင်ရေကျော်ကျောင်းတိုက်မှ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဖေဖော်ဝါရီ ၂ရက်တွင် စာရင်းပေးသွင်းကြရန်နှင့် လေးထပ်ဘောဇနဆောင် ဆောက်လုပ်နေပြီဖြစ်ပါ၍ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

အေးစေတီ ဗုဒ္ဓပူဇနီယပွဲတော် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၅)ရပ်ကွက် မဟာအတုလရံသီ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ သတ္တမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၄ရက်မှ ၁၀ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၄ရက်မှ၆ရက်အထိ ပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပြီး ဖေဖော်ဝါရီ၆ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ စွန်းလွန်း ဆရာတော် အရှင်သုန္ဒရ၊ ၇ရက်တွင် ဘဒ္ဒန္တ အဂ္ဂသာရ(သာကေတအောင်ငြိမ်း ချမ်းဆရာတော်)၊ ၈ရက်တွင် ဒေါက်တာစန္ဒာဝရာဘိဝံသ(ကျိုက္ကလော့ ဆရာတော်)၊ ၉ရက်တွင် အရှင်ဝိသုဒ္ဓ (အေးစေတီဆရာတော်)၊ ၁၀ရက်တွင် ဘဒ္ဒန္တ အင်္ဂီသ (သာကေတ ပါဠိကာရီဆရာတော်)တို့က ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်၂ရပ်ကွက် စံရိပ်ငြိမ် ၅လမ်းနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးဇော်ထွန်း-ဒေါ်ခင်ကေသီဆန်း၊ သား မောင် ဝေ ယံ ထွန်း၊ မောင် တေ ဇ ထွန်း မိသားစုက ငွေကျပ် ရှစ်သိန်း သုံး သောင်း ခု နှစ် ထောင့် နှစ် ရာ တန်ဖိုးရှိသောစတီးလ်

ရေတိုင်ကီနှစ်လုံးကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့်အကျိုးဆောင်အတွင်းရေးမှူး ဦးအောင်သန်း တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၈(သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	နန္ဒိယသုတ္တန် နေတတ်အောင်နေ တရားတော် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ
၇:၅၀-၁:၅၀	များလူဝေနေ ကုသိုလ်ယူ ပန်းတဥ်းတန်းရဲ့ရွှေစင်အလှူ
၈:၁၀-၂:၁၀	တေးဂီတအစီအစဉ်
၈:၁၅-၂:၁၅	Myanmar Video Rhythm
၈:၃၅-၂:၃၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၈:၄၅-၂:၄၅	နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀-၃:၂၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉:၃၀-၃:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅-၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀	ပန်းနှင့်စိတ်ရောဂါ
၁၀:၀၀-၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅-၄:၀၅	ART VISION (99 Classic Exhibition)
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅-၄:၄၅	**ရေမြင့်...ကြာတင့်** ခန့်စည်သူ၊ ဧရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၁:၀၀-၅:၀၀	Yangon Panorama [အထက(၂) ရန်ကင်း တစ်ကျောင်းလုံး ကြက်ခြေနီသင်တန်းဆင်းပွဲ အခမ်းအနား]
၁၁:၁၅-၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင် ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၄၀-၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅	လေလှိုင်းမှ ဖြေကြား ပရိသတ်များအမေးစကား
၁၂:၀၅-၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀-၆:၁၀	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ ပန်းတွေနှင့်အလှဆင်
၁၂:၂၅-၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀-၆:၃၀	VJ Choice
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်အခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ရန်ငြိုးမဖွဲ့သူ ရန်ငြိမ်း၏

ဤသူသည် ငါ့ကိုဆဲ၏၊ ငါ့ကိုညှဉ်းပန်း၏၊ ငါ့ကိုနိုင်၏၊ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်မထား၊ ရန်ငြိုးမဖွဲ့ကြသော သူတို့မှာ ရန်သည် အမြဲတမ်းငြိမ်းအေး၍ ကောင်းကျိုးသုခကို ခံစားကြရ၏။ ကောင်းသောမိတ်ဆွေများကို ရကြကုန်လေ၏။

(ဓမ္မပဒ ၄)

အရိုးရောဂါပညာအဖွဲ့၏ အကြိမ်(၂၀)မြောက် ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့၏ အကြိမ်(၂၀)မြောက် ညီလာခံကို ဖေဖော်ဝါရီ၆ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံတွင် အရိုးရောဂါကု ဆရာဝန်များ၊ အထွေထွေရောဂါကု ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် အခြားစိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်ဆွေးနွေးနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

လမ်းမတော်သံချေးမိသားစုများ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၁

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပခဲ့သော အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် စာမေးပွဲဖြေဆို သံဃာတော်များအား လသာမြို့နယ် လမ်းမတော် သံချေးမိသားစုများမှ (၂၇)ကြိမ်မြောက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇန်နဝါရီ၂၄ရက်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆွမ်းစားကျောင်းဆောင် ကမ္ဘာအေးတွင် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(ဝဲပုံ) (သတင်းစဉ်)

ကလေးမြို့ စကားလှ ဓမ္မာရုံကျောင်းတိုက် မိုးကုတ်ဝိပဿနာခုနစ်ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော စကားလှဘုရားကြီး၏ပွဲတော် အကြိုပွဲအဖြစ် စကားလှကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးဓမ္မပါလ၏ စီစဉ်ညွှန်ကြားမှုဖြင့် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္ဘာ့ဌာနာစရိယ ဆရာတော် ဦးအနောပမက ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ်များကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဗုဒ္ဓအလိုတော်ကျ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင် အားထုတ်လိုကြသော ယောဂီသူတော်စင်များသည် ၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက် (ဖေဖော်ဝါရီ ၄ရက်) **ညနေအရောက် စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။**

တပို့တွဲလဆန်း ၆ရက်မှစ၍ မြောက်စည်းရွာ၌လည်းကောင်း၊ တပို့တွဲလဆန်း ၁၄ရက်တွင် ထောက်ကြန့်ရွာ၌လည်းကောင်း ဆရာတော်၏ တရားစခန်းများ ဆက်လက်ဖွင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက္ကလော့စေတီပုဒ္ဓပူဇနီယပွဲ ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့စေတီတော်ကြီး၏ (၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၄ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂ရက် ညနေ ၃နာရီတွင် ပင့်သံဃာ ၁၀၈ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ဓမ္မစေတီဆရာတော်၏ အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ထေရဝါဒဓမ္မသဘင်ပွဲကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီဝင်းအတွင်းတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ရက်နှင့် ၂ရက်တို့တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ (သာသနတက္ကသီလ မဟာဓမ္မာစရိယ၊ M.A Buddhism) က ညစဉ် ၇နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်နယ်နိမိတ်အတွင်း)ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၁နာရီခွဲတွင် မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄)ခေါင်းဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါကအမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်နယ်နိမိတ်အတွင်း) အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနမှူး ရဲမှူးကြီးငွေအောင်က ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးပြီး အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြကာ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၃)ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၃၁

ကျေးလက်ပြည်သူ တောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၃)ကို ဖေဖော်ဝါရီ ၁ရက် (**ယနေ့**) ထုတ်ဝေလိုက်ပြီဖြစ်သည်။

(ယာပုံ)

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးဆုံးရှုံးမှု နည်းအောင် စနစ်တကျ သိုလှောင်၊ ဆေးမသုံးဘဲ ပိုးသေစေသည့်နည်း၊ စိုက်ပျိုးရေးရာ ဖြေကြားလွှာ၊ စိုက်ပျိုးရေးဖြင့် ဖွံ့ဖြိုးတိုးတက်လာသော သဖန်းအိုင်ရွာကလေး စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ စီးပွားရေး အထောက်အကူပြုမွေးမြူ ဝက်ဝမ်းကျရောဂါ သတိပြုပါ စသည့် မွေးမြူရေးဆောင်းပါးများ၊ အမေ့အသည်းကင်ဆာရောဂါကို သမီးက ကုပေးတာ၊ လက်ဆေးခြင်းသည် အရေးကြီးသောကိစ္စ၊ မာလကာသီး စားသုံးခြင်း အာဟာရတန်ဖိုး စသည့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ စစ်ကိုင်းမြို့မှ ငွေပန်းထိမ်လက်ရာ၊ ကံစမ်းလိုသူများ ရေနံမှော်သို့ ဖိတ်ခေါ်ပါသည်၊ ခေတ်၊ ကျားသစ်အကြောင်း သိကောင်းစရာ စသည့် အသိပညာပေးဆောင်းပါးများ၊ လုပ်ရတော့ညာလက်ရွေ့ဝတ်ရတော့ဘယ်လက်၊ နွေလယ်မှာ ပွင့်တဲ့ပန်း စသည့် ဝတ္ထုတိုများအပြင်၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတ၊ ရသစုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့၌ တစ်စောင်လျှင် ငွေကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပြီး ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

The Live News ဂျာနယ် အမှတ်(၇၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၇၀)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဂျပန်ဝေလငါးဖမ်းအဖွဲ့အစည်းများအား ဩစတြေးလျက ဥပဒေဖြင့်ဟန့်တား၊ ဂါဇာကမ်းမြောင်မှ ချောင်ပိတ်ခံရသည့် မြေစာပင်များ၊ မူရှာရက်ဖ်ပြောပြတဲ့ ပါကစ္စတန်ရဲ့ ယနေ့အခြေအနေ၊ အိန္ဒိယသို့ ဈေးရောင်းထွက်လာသည့် ပြင်သစ်သမ္မတ၊ ဆာကိုဇီကို လိုက်မမီပေမယ့် မာကယ်လ်ထက်တော့ နည်းနည်းသာသွားတဲ့ ဂေါ်ဒွန်ဘရောင်းရဲ့ တရုတ်ပြည်ပရိုမိုးရှင်းခရီးစဉ်၊ ပူးပေါင်းစစ်ဆင်ရေး အမေရိကန်အစီအမံ ပါကစ္စတန်လက်မခံ၊ သွေးစွန်းလမ်းပေါ်မှ မအေးချမ်းသည့် ကင်ညာ၊ စက်မှုဇုန်ယာဉ်ဝယ်မည်ဆိုလျှင်၊ အကယ်ဒမီပေးပွဲမှာ ဇန်းကိုင်မယ့် သူတို့လေးတွေရဲ့ ရန်ခုန်သံများ၊ ကုန်ကားချိန် ဒစ်ဂျစ်တယ်ကတ္တားများ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ပြီ၊ သွေးစွန်းသည့်စိန်၊ လမ်းပေါ်က အတွေးများ–၈ (ရုပ်ချင်သလိုရုပ်သောကားများ)၊ လွတ်လပ်ရေးကြိုးပမ်းမှုမှ ဖြစ်တည်လာတဲ့ ဦးဝိစာရလမ်း(ဆင်လမ်း)၊ တက္ကစီမင်းနှင့် ရသေ့ကြီး၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဦးကို၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ ဆြာစန်း၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ်နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂နှင့် ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံထုတ် မော်တော်ကားများ ပြည်တွင်းအရောင်းကျသော်လည်း ပြည်ပတင်ပို့မှုမြင့်တက်

တိုကျို ဇန်နဝါရီ ၃၁

တိုယိုတာ၊ ဟွန်ဒါနှင့်အခြားသော ဂျပန်ကားထုတ်လုပ်ရေး ကုမ္ပဏီကြီးများသည် ၂၀၀၇ ခုနှစ်အတွင်း ပြည်တွင်းရောင်းချရမှု ကျဆင်းခဲ့သည်။ သို့သော်လည်း ပြည်ပတင်ပို့ရောင်းချမှုမှာ မြင့်တက်ခဲ့ကြောင်း ယင်းကုမ္ပဏီများက ဇန်နဝါရီ ၂၈ရက်က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

ရောင်းချမှု

တိုယိုတာ မော်တော်ကား ကော်ပိုရေးရှင်း၊ ဒိုင်ဟတ်ဆု မော်တော်ကား ကော်ပိုရေးရှင်းနှင့် ဟီးနိုးမော်တော်ကား လီမိတက်တို့ ပါဝင်သော တိုယိုတာ ကုမ္ပဏီအုပ်စုသည် ၂၀၀၇ခုနှစ်အတွင်း ပြည်တွင်း၌ ကားရောင်းချမှု ၄ဒသမ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ စီးရေအားဖြင့် ၂၂၆၁၅၁၅ စီးရှိသည်။

စီးရေ

နစ်ဆန်းမော်တော်ကား ကော်ပိုရေးရှင်း၏ ပြည်တွင်းကားရောင်းချမှုမှာ ၆ဒသမ၀ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ စီးရေအားဖြင့် ၇၂၀၉၇၃စီး ရှိသည်။ ဟွန်ဒါမော်တော်ကား ကော်ပိုရေးရှင်း၏ ပြည်တွင်းကားရောင်းချမှုမှာ ၁၁ ရာခိုင်နှုန်း ကျဆင်းပြီး စီးရေအားဖြင့် ၆၂၁၈၈၄စီးရှိသည်။

ကျဆင်း

မာစတာမော်တော်ကား ကော်ပိုရေးရှင်း၊ မစ်ဆူဘီရှီ မော်တော်ကား ကော်ပိုရေးရှင်း၊ ဆူဇူကီး မော်တော်ကား ကော်ပိုရေးရှင်း၊ ဖူဂျီ အကြီးစားစက်မှု လုပ်ငန်းလီမိတက်တို့၏ ပြည်တွင်းကား အရောင်းမှာလည်း ကျဆင်းခဲ့သည်ဟု ဆိုသည်။

တိုယိုတာ အုပ်စု၏ ပြည်ပတင်ပို့ရောင်းချမှုမှာ ၂၀၀၇ ခုနှစ်အတွင်း ၆ဒသမ ၁ရာခိုင်နှုန်း မြင့်တက်ရာ စီးရေအားဖြင့် ၂၈၇၈၆၆၂ စီး ရှိသည်။ ထိုစဉ်အတွင်း ဟွန်ဒါကား တင်ပို့ရောင်းချမှုမှာ ၁၂ရာခိုင်နှုန်း မြင့်တက်ရာ စီးရေအားဖြင့် ၇၀၇၀၄၉ စီးရှိခဲ့ သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကားအရောင်းပြခန်း

ဂျပန်နိုင်ငံ တိုယိုတာ မော်တော်ကား ကုမ္ပဏီ၏ အရောင်းပြခန်းကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အမေရိကန် စီးပွားရေးကျဆင်းမှု ခရီးသွားလုပ်ငန်းထိခိုက်နိုင်

မက်ဒရစ် ဇန်နဝါရီ ၃၁

ယခုနှစ်အတွင်း အမေရိကန် စီးပွားရေးအကြီးအကျယ်ကျဆင်းပြီး အခြားနိုင်ငံများ၏ စီးပွားရေးပါ ကျဆင်းအောင် ဆွဲခေါ်မည်ဆိုလျှင် ကမ္ဘာ့ခရီးသွားလုပ်ငန်းထိခိုက်ကြုံလိုသွားနိုင်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(ဒဗလျူတီအို)က ဇန်နဝါရီ၂၉ ရက်တွင် ကြေညာသည်။

မျှော်လင့်

သို့သော် လုပ်ငန်းတိုးတက်မှုနှုန်းမှာ ယခုနှစ်တွင် ယမန်နှစ်ကထက် နှေးကွေးသွားသော်ငြားလည်း နိုင်ငံခြားတိုင်းပြည်များသို့ ကမ္ဘာလှည့် ခရီးသည်များ လာရောက်မှုအရေအတွက်မှာ ပဉ္စမနှစ်မြောက်အဖြစ် ဆက်လက်များပြားနေဦးမည်ဟု ဒဗလျူတီအိုအတွင်းရေးမှူးချုပ်ဖရန်ဆက်စကို ဖရန်ဂီယာလီက မျှော်လင့်သည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာလှည့် ခရီးသည် စုစုပေါင်း၏ ၁၀ရာခိုင်နှုန်းသာ ရောက်ရှိသည့်နိုင်ငံဖြစ်သည် ဆိုသောအချက်ကို သတိရရန်အရေးကြီးကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အယ်လ်ဂျီးရီးယား၌ ကားဗုံးခွဲတိုက်ခိုက်

အယ်လ်ဂျီးယားစ် ဇန်နဝါရီ ၃၁

အယ်လ်ဂျီးရီးယားနိုင်ငံ တီနီယာမြို့၌ ကားဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံး(အောက်ပုံ) **နှစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိသွားကြောင်း အယ်လ်ဂျီးရီးယား ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။**

အဆိုပါ ကားဗုံးပေါက်ကွဲသည့်မြို့မှာ မြို့တော် အယ်လ်ဂျီးယားစ်၏ အရှေ့ဘက် ၃၄မိုင်အကွာတွင်ရှိပြီး ပေါက်ကွဲမှု ဖြစ်ပွားသည့် ရဲစခန်းအနီး နေအိမ်အများအပြား ပျက်စီးသွားသည်ဟုဆိုသည်။

သေဆုံး

ဇန်နဝါရီ လဆန်းပိုင်းက နာစီရီယာမြို့အနီးရှိ ရဲစခန်းတစ်ခု၌ ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ လေးဦးသေဆုံးခဲ့သည်ဟုဆိုသည်။

ဒီဇင်ဘာလအတွင်း အယ်လ်ဂျီးယားစ်မြို့၌ ကားဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ ကုလသမဂ္ဂ ဝန်ထမ်း ၁၇ဦးအပါအဝင် အနည်းဆုံး ၄၁ဦး သေဆုံးခဲ့ရသည်ဟုဆိုသည်။

ယင်းတိုက်ခိုက်မှုများသည် စစ်သွေးကြွအုပ်စုများက တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ အယ်လ်ဂျီးရီးယား လုံခြုံရေးတပ်များက စစ်သွေးကြွများအား လိုက်လံချေမှုန်း တိုက်ခိုက်နေကြောင်း သိရသည်။ **(အင်တာနက်)**



အီတလီနိုင်ငံ ရောမမြို့ရှိ အော်တာဂိုမာ ဖက်ရှင်ပြပွဲ၌ ပါဝင်ပြသနေသည့် ဖက်ရှင်မယ်တစ်ဦးကို ဇန်နဝါရီ ၃၀ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

နော်ဝေနိုင်ငံခြားရေးဝန်ကြီး တရုတ်သို့ရောက်ရှိ

ပေကျင်း ဇန်နဝါရီ ၃၁

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ(စီပီစီ)၏ နိုင်ငံခြားရေးရာအကြီးအကဲဖြစ်သူ ဝမ်ကျီယာရှိုင်သည် တရုတ်နိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော နော်ဝေနိုင်ငံခြားရေးဝန်ကြီး ဂျိုနက်စ်ဂက်ချ်စတိုရီနှင့် ဇန်နဝါရီ ၂၁ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ စီပီစီပါတီအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်နိုင်ရန်အတွက်ပါတီချင်းအပြန်အလှန်ချစ်ကြည်ရေး ဖလှယ်လိုသည့် ဆန္ဒရှိကြောင်း ဝမ်က ပြောကြားခဲ့သည်။

တရုတ်ပြည်တွင်း ဖွံ့ဖြိုးတိုးတက်မှုများ၊ ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ထားမှုများနှင့်ကမ္ဘာနှင့်လိုက်လျောညီထွေစွာ တည်ဆောက်ကြိုးပမ်းမှုများကို စတိုရီအား ဝမ်က ရှင်းလင်းပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထိုင်းတောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား

ဗန်ကောက် ဇန်နဝါရီ ၃၁

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် ဇန်နဝါရီ ၂၉ ရက် စောစောပိုင်းက ရဲတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ တိုက်ခိုက်ကြသဖြင့် ရဲအရာရှိတစ်ဦးနှင့် အကြမ်းဖက်သမားတစ်ဦး ကျဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကြမ်းဖက်သမားများ ပုန်းအောင်းနေသည်ဟု ယူဆရသော ယာလာပြည်နယ် ဘန်နန်ဆာတာခရိုင်မှ နေအိမ်ကို ရဲတပ်ဖွဲ့ဝင်များကဝိုင်းစဉ် တိုက်ပွဲဖြစ်ပွားခြင်း ဖြစ်သည်။

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာ၊ နာရာသီဝပ်နှင့် ပတ္တနီပြည်နယ်သုံးခုအတွင်း အကြမ်းဖက်သမားတို့၏ အကြမ်းဖက်မှုကြောင့် ၂၀၀၄ ခုနှစ်နောက်ပိုင်း ပြည်သူ၂၈၀၀ကျော် သေဆုံးခဲ့ရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၉၃၅ ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဇန်နဝါရီ ၂၇ ရက်တွင် အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

သေဆုံး

အဆိုပါဖြစ်ပွားမှုသည် ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့၏ စစ်ဘက်ယာဉ်တန်း ဖြတ်သန်းသွားစဉ် လမ်းဘေးဗုံးပေါက်ကွဲရာမှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်။

ဖော်ပြ

ဒုတိယတပ်ဖွဲ့ဝင်တစ်ဦးမှာ ဇန်နဝါရီ ၂၆ ရက်က ဘဂ္ဂဒက်မြို့ မြောက်ပိုင်း၌ အမေရိကန်လုံခြုံရေးတပ်ဖွဲ့ဝင်များ လမ်းလျှောက်ကင်းလှည့်စဉ်အတွင်း လမ်းဘေးဗုံးပေါက်ကွဲသဖြင့် သေဆုံးခဲ့ရကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

သိရ

၂၀၀၃ ခုနှစ်ကတည်းက အီရတ်သို့ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စဉ်ကတည်းက ယခုနောက်ဆုံးသေဆုံးသူများအပါအဝင် အီရတ်၌ သေဆုံးသည့်ကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၃၉၃၅ ဦး ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်စာရင်းများအရ သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ထိုင်း၌ ရင်ဆိုင်နေရသော ပြဿနာများဖြေရှင်းရန် ဝန်ကြီးချုပ်သစ် ဆာမတ်အားတိုက်တွန်း

ဗန်ကောက် ဇန်နဝါရီ ၃၁

ထိုင်းရွေးကောက်ပွဲတွင် ပီပီပီခေါင်းဆောင်အား ရှုံးနိမ့်သွားသော ထိုင်းဒီမိုကရက်တစ် ပါတီခေါင်းဆောင် အက်ဟီဆစ်ဗီဂျာဂျီဗာက ဝန်ကြီးချုပ်ဖြစ်လာသော ဆာမတ်အား ထိုင်းနိုင်ငံ၏ ရင်ဆိုင်နေရသော ပြဿနာများကို အမြန်ဆုံး ဖြေရှင်းပေးရန် တိုက်တွန်းပြောကြားလိုက်သည်။

ပြောကြား

အက်ဟီဆစ်က ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသော်လည်း အတိုက်အခံ လုပ်ရမည့်အလုပ်မှာ ၎င်း၏ အလုပ်ပင်ဖြစ်ကြောင်း ပြောကြားသည်။

ထောက်ခံမဲ

ဇန်နဝါရီ ၂၈ ရက်က ပါလီမန် အစည်းအဝေး ကျင်းပရာတွင် ဆာမတ်သည် ထောက်ခံမဲ ၃၁၀ ဖြင့်အနိုင်ရပြီး ထိုင်းနိုင်ငံ၏ ၂၅ ဦးမြောက် ဝန်ကြီးချုပ်ဖြစ်လာသည်။ အက်ဟီဆစ်သည် ပါလီမန်တွင် ထောက်ခံမဲ ၁၆၃ မဲသာ ရခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကင်ညာ၌ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွား: သေဆုံးသူ ၉၀၀ အထိရှိလာပြီး ပြည်သူများ စိုးရိမ်ထိတ်လန့်နေကြရ

နိုင်ရိုဘီ ဇန်နဝါရီ ၃၁

ကင်ညာနိုင်ငံ၌ ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသော ရွေးကောက်ပွဲ မဲလိမ်မှုကြောင့် မကျေနပ်မှုများဖြစ်ပေါ်ကာ အကြမ်းဖက်တိုက်ခိုက်၍ သေဆုံးသူပေါင်း ၉၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကင်ညာအစိုးရနှင့် အတိုက်အခံတို့ သမ္မတ ရွေးကောက်ပွဲရလဒ် အငြင်းပွားမှု အကျပ်အတည်းကို အဆုံးသတ်ရန် ကြိုးစားနေကြသော်လည်း နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်မှုများ ဆက်လက် ဖြစ်ပွားလျက်ရှိသည်။

သေဆုံး

ဇန်နဝါရီ ၂၉ ရက်က နိုင်ငံတစ်ဝန်း၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် အနည်းဆုံး ကိုးဦး သေဆုံးခဲ့ရသည်ဟုဆိုသည်။

တိုက်ခိုက်

ကင်ညာနိုင်ငံ၌ အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေ၍ စိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်က ပြောကြားသည်။

အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေ၍ ပြည်သူများမှာ နေ့စဉ် စားဝတ်နေရေး ပြဿနာများ ကြီးထွားလာသည့်အပြင် စိုးရိမ်ထိတ်လန့်နေကြရသည်ဟု ဆိုသည်။ **(အင်တာနက်)**

တိုက်ခိုက်

ဇန်နဝါရီ ၃၀ ရက်က ကင်ညာနိုင်ငံ နိုင်ဗာရှာမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပြည်သူများ ဘေးဒုက္ခများနှင့် တွေ့ကြုံနေရသည့်မြင်ကွင်း။ (အင်တာနက်ဓာတ်ပုံ)

တရုတ်၌ ဆီးနှင်းများထူထပ်စွာ ဆက်လက်ကျဆင်း: အအေးဓာတ်လွန်ကဲမှုကြောင့် ၃၈ ဦး သေဆုံး

ပေကျင်း ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံဒေသအချို့တွင် ဆီးနှင်းများအဆက်မပြတ်ကျဆင်းပြီး ရာသီဥတုဆိုးရွားမှုဒဏ်ခံနေရသဖြင့် ဇန်နဝါရီ ၃၀ ရက်အထိ သေဆုံးသူဦးရေမှာ ၃၈ဦးရှိသွားပြီဖြစ်ကြောင်း တရုတ်နိုင်ငံ မြို့ပြရေးရာဝန်ကြီးဌာနက ဇန်နဝါရီ၃၁ ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံရှိ ဟူဘေး၊ ဟူနန်နှင့်အန်ဟွေးပြည်နယ်တို့တွင် ဇန်နဝါရီ ၁၀ ရက်မှစတင်ကာ အအေးဓာတ်လွန်ကဲပြီး ဆီးနှင်းများဆိုးရွားစွာ ကျဆင်းနေမှုကြောင့် လူသေဆုံးမှုများ အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

တရုတ်နိုင်ငံရှိ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁၇ ခုတို့တွင် အပူချိန်များကျဆင်းပြီး အချို့နေရာများ၌ ရေများခဲကာ၊ အချို့နေရာများ၌ ဆီးနှင်းများထူထပ်စွာ ကျဆင်းနေလျက်ရှိရာ(အောက်ပုံ)ဒေသနေပြည်သူများ ရာသီဥတု ဆိုးရွားမှုဒဏ်ကို ခံစားနေကြရသည်။

တရုတ်၌ ယခုကဲ့သို့ အအေးဓာတ်လွန်ကဲပြီး ဆီးနှင်းများကျဆင်းမှုမှာ နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း တရုတ်နိုင်ငံမြို့ပြရေးရာ ဝန်ကြီးဌာနမှ အရာရှိများကပြောကြားသည်။ (အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ: အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လုံခြုံရေးတင်းကျပ်ထား

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၃၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇန်နဝါရီ ၃၀ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးသွားကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ ပီရှာဝါမြို့ရှိ နေအိမ်တစ်အိမ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များရောက်ရှိချိန်၌ အိမ်အတွင်း သေဆုံးနေသူ သုံးဦးကို တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

ဖြစ်ပွား

အဆိုပါဗုံးပေါက်ကွဲမှုဖြစ်ပွားရခြင်းမှာ ပေါက်ကွဲမှုဖြစ်ပွားစေသော ခဲယမ်းများဖြင့်ဗုံးပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ အရာရှိများက ပြောကြားသည်။

သို့သော်လည်း အခြားရဲတပ်ဖွဲ့ အရာရှိတစ်ဦးကမူ အိမ်အပြင်ဘက်မှနေ၍ အိမ်တွင်းသို့ ဗုံးပစ်သွင်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ နိုင်ငံရေး မတည်မငြိမ်ဖြစ်နေသော ပါကစ္စတန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသဖြင့် လုံခြုံရေးတင်းကျပ်နေရကြောင်း ရဲအရာရှိ မိုဟာမက် အီဂျက်ဇ်က ပြောကြားသည်။ **(အင်တာနက်)**

ရေလွှမ်းမှုဖြစ်ပေါ်

ဘိုလီးဗီးယားနိုင်ငံ စင်တာခရမြို့၌ ရေလွှမ်းမှုဖြစ်ပေါ်နေသည်ကို ဇန်နဝါရီ ၃၀ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆိုမာလီ၌ တိုက်ပွဲများဖြစ်ပွား ၁၀ ဦး သေဆုံး ၅၅ ဦးဒဏ်ရာရရှိ

မိုဂါဒစ်ရှူး ဇန်နဝါရီ ၃၁

ဆိုမာလီနိုင်ငံ၏ မြို့တော်မိုဂါဒစ်ရှူး၌ ဇန်နဝါရီ ၂၉ ရက်က အစိုးရတပ်များနှင့် အကြမ်းဖက်သူများ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံးပြီး ၅၅ ဦး ဒဏ်ရာရရှိသွားကြောင်း အစိုးရသတင်းရပ်ကွက်က ပြောကြားသည်။

ဇန်နဝါရီ ၂၈ ရက်က ကစ်မာယိုမြို့၌ ဖြစ်ပွားသော အကြမ်းဖက် တိုက်ခိုက်မှုတွင် အကူအလုပ်သမားသုံးဦးနှင့် သတင်းထောက်တစ်ဦး သေဆုံးကြောင်း၊ လမ်းဘေးဗုံးထောင် တိုက်ခိုက်မှုကြောင့် ၎င်းမြို့၌ကလေး တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ကစ်မာယိုမြို့သည် မြို့တော်မိုဂါဒစ်ရှူးနှင့် နှိုင်းစာလျှင် ငြိမ်သက်မှုရှိသော မြို့ဖြစ်သည်။ သို့သော်လည်း အစ္စလမ္မစ်အကြမ်းဖက်သမားများက တိုက်ခိုက်ရန် ခြိမ်းခြောက်လျက်ရှိသည်ဟုဆိုသည်။

မြို့တော်မိုဂါဒစ်ရှူး၌ ဇန်နဝါရီ ၂၉ ရက်တွင် အစိုးရတပ်ဖွဲ့ဝင်များသည် အီသီယိုးပီးယားတပ်များက နောက်မှ ခြံရံလျက် ကင်းလှည့်စဉ် အကြမ်းဖက် တိုက်ခိုက်ရေးသမားများနှင့် စတင် တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

အံ့သြဖွယ်ရာ စွမ်းရည်ပြကွက်

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌ ဇန်နဝါရီ၃၀ရက်က ကျင်းပသော (၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကျွမ်းဘားပွဲတော်၌ တရုတ်ကျွမ်းဘားအဖွဲ့ဝင်နှစ်ဦး၏ အံ့သြဖွယ်ရာ စွမ်းရည်ပြကွက်မှာ ဤသို့ ...။

(အင်တာနက်ဓာတ်ပုံ)

ဩစတြေးလျနိုင်ငံ ဂစ်ဆလန် ရေအိုင်ကြီးတွင် ဇန်နဝါရီ၃၀ရက်က ထူးခြားစွာ ရာသီဥတုသာယာခဲ့သဖြင့် ရေယာဉ်မှတ်ပုံတင်ရန် အလုအယက် ရောက်ရှိလာသော စက်တပ်ရေယာဉ်များကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

လက်ဘနွန်နိုင်ငံ ဘဟမ်ဒွန်မြို့၌ ဇန်နဝါရီ၃၀ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ပြီး လမ်းများပေါ် ဆီးနှင်းများ ဖုံးလွှမ်းနေမှုကြောင့် မော်တော်ယာဉ်များ မောင်းနှင်ရခက်ခဲသည့် မြင်ကွင်းကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ထိုင်းအောက်လွှတ်တော်အမတ်များ ရွေးချယ်ပြီးစီး ရွေးကောက်ပွဲကော်မရှင် အတည်ပြုပြောကြား

ဗန်ကောက် ဇန်နဝါရီ ၃၁

ထိုင်းရွေးကောက်ပွဲ ကော်မရှင် (အီးစီ)က ဇန်နဝါရီ ၂၉ရက် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် အခြားသုံးဦးကိုလည်း အတည်ပြု ရွေးချယ်လိုက်၍ အမတ်နေရာ ၄၈၀ ဖြည့်ဆည်းပေးခြင်းကို အတည်ပြုလိုက်ပြီး ဒီဇင်ဘာ၂၃ရက် ရွေးကောက်ပွဲကို အဆုံးသတ်လိုက်သည်။

ပြောကြား

ထိုင်းရွေးကောက်ပွဲကော်မရှင်အနေဖြင့် အောက်လွှတ်တော် အမတ်နေရာများ ဖြည့်ဆည်းပေးသည့် လုပ်ငန်းမှာ ပြီးစီးသွားပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးချုပ် ဆူတီပွန်သာဗီးချိုင်ဂန်က ဒေသဆိုင်ရာရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

စတုတ္ထအကျော့

နောက်ဆုံး ရွေးချယ်တင်မြှောက်လိုက်သည့် အမတ်သုံးဦးတွင် ဇန်နဝါရီ ၂၇ရက်က ကြားဖြတ်ရွေးကောက်ပွဲ စတုတ္ထအကျော့ ကျင်းပမည့် မဲဆန္ဒနယ် နှစ်ခု ပါဝင်သည်။

အဆိုပါ အမတ်သုံးဦးမှာ မက်ချီနားသီပါတာယာပါတီမှ နှစ်ဦးနှင့်ပီပီစီပါတီမှ တစ်ဦး ပါဝင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ ဗုံးခွဲပစ်ခတ်တိုက်ခိုက် အီရတ်ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၊ ၁၄ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဇန်နဝါရီ၃၀ ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုများနှင့် စိန်ပြောင်းများဖြင့် ပစ်ခတ် တိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း ဘဂ္ဂဒက်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

တစ်ဦးသေ

ဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း အယ်မူစတန်ရိယာ တက္ကသိုလ် အနီးတွင် ကင်းလှည့်နေသော အီရတ် ရဲတပ်ဖွဲ့ဝင်တို့၏ မော်တော်ယာဉ်ကို လမ်းဘေး ဗုံးနှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရ

ထို့အတူ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း တံတားတစ်ခုအနီး ကင်းလှည့်နေသော အီရတ် ရဲတပ်ဖွဲ့ဝင်များ၏ ကားကို လမ်းဘေး ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိခဲ့သည်။

တစ်ဖန်ဘဂ္ဂဒက်မြို့ အလယ်ပိုင်းတွင် တိုက်ခိုက်ရေးသမားများက စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အီရတ် ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာ ရရှိခဲ့သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၌ နိုကီယာဖုန်းရောင်းချမှု ၂၀၀၇ခုနှစ်အတွင်း အလုံးရေ သန်း၇၀ကျော်ရှိ

ပေကျင်း ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံ၌နိုကီယာဖုန်းကုမ္ပဏီမှ ယမန်နှစ်က မိုဘိုင်းလ်ဖုန်း၇၀ဒသမ ၇သန်း ရောင်းချနိုင်ခဲ့ကြောင်း၊ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၃၈ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ၎င်း၏ ဝက်ဘ်ဆိုက်တွင်သတင်းထုတ်ပြန်ထားသည်။

တတိယအကြီးဆုံးဈေးကွက်

တရုတ်နိုင်ငံ၌ ၂၀၀၇ခုနှစ်အတွင်း နိုကီယာဖုန်း **(အောက်ပုံ)** အများဆုံး ရောင်းချရသည့် အကြီးဆုံးဈေးကွက်ကြီးဖြစ်ကြောင်း၊ ယင်းနောက်မှ အိန္ဒိယနှင့် ဂျာမနီတို့က ဒုတိယနှင့် တတိယ အကြီးဆုံးအရောင်း ဈေးကွက်ကြီး ဖြစ်လာကြောင်း ၎င်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တရုတ်ဈေးကွက်

၂၀၀၆ခုနှစ်မှစပြီး မိုဘိုင်းလ်ဖုန်း အများဆုံးထုတ်လုပ်သည့် ကုမ္ပဏီဖြစ်လာကာ တရုတ်ဈေးကွက်တွင် ဖုန်းများ အမြောက်အမြား ရောင်းချခဲ့ရကြောင်း၊ ယင်းနှစ် နိုကီယာဖုန်းရောင်းချမှုမှာ ၃၉ရာခိုင်နှုန်းမြင့်တက်လာရာ အမေရိကန်ဒေါ်လာ၆ဒသမ၉ဘီလီယံဖိုး ရောင်းချခဲ့ရသည်။ ဖုန်းအလုံးရေ ၅၁ သန်း ရောင်းချခဲ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကံကြမ္မာရယ်က ဝေးမို့ဖန်လာ

လန်ဒန်မြို့သည် အင်္ဂလန်နိုင်ငံ၏ မြို့တော်ဖြစ်ပြီး သိမ်းမြစ်ကမ်းခြေတွင် တည်ရှိသည့် ဆိပ်ကမ်းမြို့ဖြစ်သည်။ လူဦးရေ ရှစ်သန်းကျော်နေထိုင်ပြီး ကုန်သွယ်ရောင်းဝယ်ရေး၊ စီးပွားရေးအချက်အချာကျသည့် မြို့ဖြစ်သည်။

ဖူလ်ဟမ်ဘောလုံးသမားဟောင်း

လန်ဒန်မြို့၏ အနောက်တောင်ပိုင်းရှိ မစ်ချမ်အရပ်တွင် အသက် ၄၀ အရွယ်ရှိ ဒေးဗစ်မာတင် **(ယာပုံ)** နေထိုင်သည်။ ဒေးဗစ်မာတင်သည် လွန်ခဲ့သော ၁၆နှစ်ဖြစ်သည့် အသက်၂၄နှစ်အရွယ်က အင်ဂျလာဆိုသူ အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့ပြီး သားသမီးသုံးဦးထွန်းကားခဲ့ရာ သမီးနှစ်ဦးဖြစ်သည့် ဆိုဖီယာ အသက်၁၄နှစ်၊ ဆမ် အသက်၁၂နှစ်နှင့် အသက်၁၀နှစ်အရွယ် သားငယ်တို့ဖြစ်သည်။ ဒေးဗစ်မာတင်သည် ဖူလ်ဟမ်ဘောလုံးသမားဟောင်းဖြစ်ပြီး မိသားစုအပေါ်တွင် တာဝန်ကျေပွန်ပြီး မိသားစုတစ်စုလုံး သူ့အပေါ်တွင် မှီခိုအားထားရလေသည်။

မာတင်သည် ဇနီးအတွက် ခင်ပွန်းကောင်းဖြစ်သလို သားသမီးများအတွက် ဖခင်ကောင်းဖြစ်သည်။ စိတ်သဘောထားပြည့်ဝပြီး အပေါင်းအသင်းဝင်ဆံ့သူဖြစ်သည်။ သူတို့ မိသားစုဘဝကလေးမှာ အိမ်ထောင်သက် ၁၆နှစ်လုံးလုံး ပကတိအေးချမ်းနေခဲ့သည်။

ဆုံးရှုံးမှုကြီး

ထိုသို့အေးချမ်းနေသော သူတို့၏ ဘဝကလေးကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၉ ရက် ညပိုင်းက ကံကြမ္မာမုန်တိုင်းက ဝင်ရောက်မွှေနှောက်ဖျက်ဆီးခဲ့သည်။ ထိုညတွင် မာတင်နေထိုင်ရာ အိမ်နှင့် မနီးမဝေးတွင်ရှိသော ရပ်တာပန်းခြံကြီး ထဲတွင် မာတင်ကို ဒဏ်ရာများဖြင့် အသက်ဝိညာဉ်ကင်းမဲ့စွာ တွေ့ခဲ့ရသည်။ ဇနီးသည် အင်ဂျလာနှင့်သားသမီးများမှာ မာတင်အတွက် ဝမ်းနည်းကြေကွဲကာ ယူကျုံးမရဖြစ်ခဲ့ကြရသည်။ ယဉ်ကျေးသိမ်မွေ့ စိတ်သဘောထားပြည့်ဝသော မာတင်သေဆုံးသွားခြင်းသည် မိသားစုအတွက် မှီခိုအားထားရာ ရွှေတောင်ကြီးပြိုလဲသွားခြင်းဖြစ်သလို အစားထိုးမရသော ဆုံးရှုံးမှုကြီးလည်း ဖြစ်လေသည်။

မာတင်သေဆုံးမှုနှင့် ပတ်သက်၍ ၂၀၀၇ခုနှစ် မေလ၇ရက်က အိုးလ်ဘေလီတရားရုံး၌ လူသတ်မှုဖြင့် တရားစွဲခံထားရသော ရပ်တာပန်းခြံကြီး အနီးတွင်နေထိုင်သည့် ဂါရီကယ်လီအသက်၃၇နှစ်ကို ဖမ်းဆီးထိန်းသိမ်းကာ ဝင်ဘယ်လ်ဒန်တရားရုံးကြီး၌ ဖေဖော်ဝါရီ၁၂ရက်တွင် ရုံးတင်စစ်ဆေးမည်ဖြစ်သည်။ ကယ်လီ၏ အမျိုးသမီးမိတ်ဆွေ ကေစခရီဗီနာ အသက်၄၁နှစ်၊ ယင်းဖြစ်ရပ်နှင့်ဆက်နွယ်နေသူ အသက် ၁၄နှစ်အရွယ် မိန်းကလေး တစ်ဦး၊ အသက်၄၁နှစ်နှင့် အသက် ၆၉နှစ်အရွယ် အမျိုးသမီးကြီးနှစ်ဦးကိုလည်း ထပ်မံဖမ်းဆီးခဲ့သည်။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

မာတင်သည် ၁၉၈၆ခုနှစ်က သေကံမရောက် သက်မပျောက်သည့် အဖြစ်တစ်ခုနှင့် ရင်ဆိုင်ခဲ့ရသေးသည်။ ထိုစဉ်က သူသည် အသက်၁၈နှစ်အရွယ်သာရှိသေးပြီး လူငယ်တစ်စု၏ ဝိုင်းဝန်းရိုက်နှက်မှုကို ခံခဲ့ရသော်လည်း ဖခင်၏ ကာကွယ်ပေးမှုကြောင့် သေဘေးမှ လွတ်မြောက်ခဲ့ရသည်။ သူ့အား အကာအကွယ်ပေးသော ဖခင်ဖြစ်သူ ရေမွန်မာတင်မှာမူ လူငယ်များ၏ ချိန်းကြိုးများ၊ သံချောင်းများဖြင့် ရိုက်နှက်မှုကြောင့် ရရှိသော ဒဏ်ရာများဖြင့် အခင်းဖြစ်ပြီး နှစ်ရက်အကြာတွင် သေဆုံးခဲ့ရသည်။ မာတင်အနေဖြင့် ယခု ဒုတိယအကြိမ်တွင် သေဘေးကို ရှောင်ကွင်းခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။

ပေးဆပ်ရမည်

ယခုဖြစ်ရပ်တွင် မာတင်၏ ဇနီးသည် အင်ဂျလာအနေဖြင့် ကံကြမ္မာက ဝေးဖို့ဖန်လာသောကြောင့် ခင်ပွန်းသည် မာတင်နှင့် ဝေးခဲ့ရပြီး မာတင်အား သတ်ဖြတ်သူမှာလည်း သူ့အပြစ်ကို ထောင်ထဲတွင် နှစ်ပေါင်းများစွာပြန်လည်ကာ အမှန်ကေန်ပေးဆပ်ရတော့မည်ဖြစ်သည်။

ယဉ်ကျေးသိမ်မွေ့ စိတ်သဘောထား ပြည့်ဝသော မာတင်သေဆုံးသွားခြင်းသည် သူတို့ မိသားစုအတွက် မှီခိုအားထားရသော ရွှေတောင်ကြီး ပြိုလဲသွားခြင်း ဖြစ်သလို အစားထိုးမရသော ဆုံးရှုံးမှုကြီးလည်းဖြစ်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၃၁-၁-၂၀၀၈

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ထပ်မံသေဆုံး

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူတစ်ဦးထပ်မံသေဆုံးခဲ့ရာ ယင်းရောဂါကြောင့်သေဆုံးသူ ၁၀၁ ဦး ရှိသွားပြီဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

သေဆုံးသူမှာ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ကြက်ငှက်တုပ်ကွေးရောဂါခံစားခဲ့ရပြီး သီတင်းတစ်ပတ်ကြာ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်၌ တောင်ကိုရီးယားက သံမဏိစက်ရုံကြီးတည်ဆောက်မည်

ဗီယက်နမ်နိုင်ငံတွင် တောင်ကိုရီးယားရှိ ပိုစကိုစီးပွားရေးလုပ်ငန်းအုပ်စုက အလွန်ကြီးမားသည့် သံမဏိစက်ရုံကြီးတစ်ခုတည်ဆောက်သွားရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ ခမ်ဟိုရာပြည်နယ်အလယ်ပိုင်း နုထရန်မြို့အနီးတွင် တည်ဆောက်မည့် အဆိုပါသံမဏိစက်ရုံတည်ဆောက်ရေးစီမံကိန်းမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ ကုန်ကျမည်ဖြစ်သည်။

ဂျပန်ပြည်တွင်းဈေးကွက်၌ မော်တော်ကား အရောင်းကျဆင်း

ဂျပန်ပြည်တွင်း ဈေးကွက်၌ တိုယိုတာ၊ ဟွန်ဒါနှင့် အခြား ဂျပန်ထုတ်ကားများ အရောင်းကျဆင်းလျက်ရှိကြောင်း ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီများက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်၌ တိုယိုတာ မော်တော်ကားရောင်းချရမှုမှာ ၄ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး နစ်ဆန်းက ၆ ရာခိုင်နှုန်း၊ ဟွန်ဒါက ၁၁ ဒသမ ၄ ရာခိုင်နှုန်းနှင့် အခြားမော်တော်ယာဉ်များလည်း ရောင်းအားအသီးသီးကျဆင်းခဲ့သည်။

အရှေ့အလယ်ပိုင်းနိုင်ငံများ၌ ဆီးနှင်းများ ထူထပ်စွာကျဆင်း

အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများတွင် ဆီးနှင်းများဆိုးရွားစွာကျဆင်းနေမှုကြောင့် စာသင်ကျောင်းများနှင့် ဈေးဆိုင်အများအပြားပိတ်ထားခဲ့ရကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။

အစ္စရေး၊ ပါလက်စတိုင်း၊ လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံတို့တွင် ဆီးနှင်းများထူထပ်သိပ်သည်းစွာ အဆက်မပြတ်ကျဆင်းနေမှုကြောင့် ခရီးသွားလာရေးပြတ်တောက်ကာ စာသင်ကျောင်းများနှင့်ဈေးများ ခေတ္တပိတ်ထားခဲ့ရသည်။

နိုင်ငံတကာကလေးငယ်များ သီချင်းပွဲတော် အီဂျစ်၌ကျင်းပ

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ (၉)ကြိမ်မြောက် နိုင်ငံတကာကလေးငယ်များ သီချင်းဆိုပွဲတော်ကို စတင်ကျင်းပသည်။

အဆိုပါသီချင်းဆိုပွဲတော်သို့ နိုင်ငံပေါင်း ၃၅ နိုင်ငံမှ လူငယ်အဖွဲ့ ၁၀၀ ခန့် ပါဝင်ဆင်နွှဲရန် တက်ရောက်လျက်ရှိကြောင်း၊ အီဂျစ်ဒုတိယသမ္မတ မက်ဒေးရီဖေးက ဖွင့်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားကာ ယခုပွဲတော်၌ နိုင်ငံအသီးသီးမှ လူမှုဘဝဖြစ်ရပ်များကို ဖော်ကျူးသီဆိုကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆော်ဒီအာရေဗျ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဆော်ဒီအာရေဗျနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုလက္ခဏာ တွေ့ရှိရသဖြင့် ကြက်၊ ဘဲ ကောင်ရေ ၁၆၀၀၀၀ ခန့် သုတ်သင်သတ်ဖြတ်ခဲ့ကြောင်း ဆော်ဒီအာရေဗျအရာရှိများက ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီယတ်ဒ်မြို့ပြင်ရှိ ကြက်မွေးမြူရေးခြံတစ်ခု၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားလျက်ရှိသဖြင့် ကြက်၊ ဘဲသယ်ဆောင်ခွင့်နှင့် ရောဂါဖြစ်ပွားနေသော ဒေသအတွင်း သွားလာခွင့် ကန့်သတ်လိုက်သည်။

■ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ရှုဘင်အနုပညာပြတိုက် အပြင်ဘက်၌ ဇန်နဝါရီ ၃၀ ရက်က နယ်သာလန်နိုင်ငံသား ဝမ်ဟိုဖ်က ရေခဲများ ထည့်ထားသည့် မှန်ပုံးအတွင်း ၁ နာရီ ၁၂ မိနစ် ကြာအောင် နေပြခဲ့သည်။ **(ယာပုံ)**

❖ **တရုတ်နိုင်ငံ ယန်စီမြစ်အတွင်း ဇန်နဝါရီ ၃၀ ရက်က ကုန်တင်သင်္ဘောနှစ်စင်းတိုက်မိခဲ့ပြီး သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောသား ၁၅ ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိသည်။**

■ အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းမာလူကူ ပြည်နယ်ကမ်းလွန်၌ ဇန်နဝါရီ ၃၀ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိသည့်ငလျင်လှုပ်ခဲ့ရာ မာလူကူပြည်နယ်ဒေသအချို့၌ အဆောက်အအုံများ ယိမ်းထိုးသွားခဲ့သည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❖ **နီပေါနိုင်ငံတောင်ပိုင်း ပါဆာခရိုင် ဘီရာဂန်မြို့၌ ဇန်နဝါရီ ၃၀ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၅၀ ဒဏ်ရာ ရရှိခဲ့သည်။**

■ လူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ဇန်နဝါရီ ၃၁ ရက် နံနက်က လေးထပ် အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ ၁၁ ဦးသေဆုံးပြီး ၃၀ ဒဏ်ရာ ရရှိခဲ့သည်။

❖ **တရုတ်နိုင်ငံ ရှန်စီပြည်နယ်မြောက်ပိုင်းရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း ဇန်နဝါရီ ၃၀ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သား ၂၅ ဦး သေဆုံးခဲ့သည်။**

■ အင်ဒိုနီးရှားနိုင်ငံ ပါပူရာပြည်နယ်အရှေ့ပိုင်း ဆူဂါပါလေဆိပ်တွင် ဇန်နဝါရီ ၃၀ ရက်က လေယာဉ်ငယ်တစ်စင်း ပြေးလမ်းပေါ်မှ ပျံတက်ရန်ကြိုးစားစဉ် တိုက်မိခဲ့မှုကြောင့် လူတစ်ဦးသေဆုံးသွားသည်။

❖ **မာလာဝီနိုင်ငံတောင်ပိုင်းဒေသများတွင် ဇန်နဝါရီ ၃၁ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူ ၇၀၀၀၀ ရေဘေးဒုက္ခကြုံတွေ့နေရသည်။**

ဘဝဒဿနအမြင်

✻ ***A wise man will make more opportunities than he finds.***

ပညာရှိသည် အခွင့်အလမ်းကောင်းများကို သူတွေ့မြင်သည်ထက် ပိုမိုဖန်တီးနိုင်လိမ့်မည်။

ဆာဖရန်စစ်ဘေကွန်(အတွေးအခေါ်ပညာရှင်)

✻ ***It is a great thing to know our vices***

မကောင်းမှုကို မကောင်းမှုဟု ထိုးထွင်းသိမြင်ခြင်းသည် ကြီးမြတ်သော မင်္ဂလာတစ်ပါးဖြစ်သည်။

စစ်စီရို(အီတလီစာရေးဆရာ)

နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်....

အမ်အမ်အေ

ယနေ့အဖို့ လူများစု စိတ်ဝင်စားမည့် အကြောင်းအရာဖြစ်သော အချစ်နှင့်ပတ်သက်သည့် သတင်းတစ်ပုဒ်ကို ဘာသာပြန်ဆိုပြပါမည်။ ရိုက်တာသတင်းဌာနမှ ပေးပို့သည့် သတင်းဖြစ်ပြီး သတင်းခေါင်းစဉ်နှင့် ပထမစာပိုဒ်မှာ အောက်ပါအတိုင်းဖြစ်သည်–

Japanese firm offers "heartache leave" for staff

Tokyo, 30 Jan- Lovelorn staff at a Japanese marketing company can take paid time off after a bad break-up with a partner, with more "heartache leave" on offer as they get older.

သတင်းခေါင်းစဉ်၏ အဓိပ္ပာယ်မှာ– ချစ်ကံခေသူ ကုမ္ပဏီဝန်ထမ်းအတွက် ခံစားခွင့်ပေးဟုဆိုလျှင် ရနိုင်ပါမည်။

ပထမပိုဒ်ပြန်ဆိုချက်။ ။ ဂျပန်ရောင်းဝယ်ရေး လုပ်ငန်းတစ်ခုက ချစ်ကံခေသူ(ဝါ)ချစ်သူ၏ စွန့်ပစ်ခြင်းခံရသူ မိမိဝန်ထမ်းအား လုပ်ခအပြည့်ဖြင့် နားရက်ခံစားခွင့်ပြုမည်ဟုဆိုသည်။ အသက်အရွယ်ကြီးသူ ဝန်ထမ်းဖြစ်ပါက ခံစားခွင့်ရက်တိုး၍ ရမည်ဖြစ်သည်။

Tokyo-based Hime & Company, says heartache leave allows staff to cry themselves out and return to work refreshed. "Not everyone needs to take maternity leave but with heartbreak, everyone needs time off, just like when you get sick," CEO Miki Hiradate, whose company of six women markets cosmetics and other goods targeted for women, told Reuters by telephone.

ဒုတိယပိုဒ်ပြန်ဆိုချက်။ ။တိုကျိုမြို့အခြေစိုက် ဟီမေကုမ္ပဏီက ယခုကဲ့သို့ ချစ်ကံခေသူအတွက် ခံစားခွင့်ပေးရခြင်းမှာ(အချို့သော အချစ်ရပ်ရှင်များ၌ တွေ့ရသလို) မိမိ၏ ခံစားချက်ကို အန်ထုတ်အော်ဟစ်ပစ်ပြီး နောက်တစ်နေ့ လန်းလန်းဆန်းဆန်း လူသစ်စိတ်သစ်ဖြင့် အလုပ်ပြန်ဆင်းနိုင်ရန်ဟု ဆိုသည်။ ဝန်ထမ်းတိုင်း မီးဖွားခွင့်ယူဖို့လိုမည်မဟုတ်သော်လည်း နေထိုင်မကောင်းလျှင် ခွင့်ယူရသည့်နည်းတူ ချစ်ဒုက္ခနှင့်ကြုံရပါမူ နားဖို့လိုသည်ဟုဆိုသည်။ အလှကုန်နှင့် အမျိုးသမီးသုံး ကုန်ပစ္စည်းများရောင်းချပြီး အမျိုးသမီးဝန်ထမ်း ခြောက်ဦးရှိသည့် ကုမ္ပဏီအမှုဆောင်အရာရှိချုပ်က ဤအကြောင်းကို ရိုက်တာသတင်းဌာနသို့ ဖုန်းဖြင့် သတင်းပို့သည်။

Staff aged 24 years or younger can take one day off per year, while those between 25 and 29 can take two days off and those older can take three days off, the company said.

MNA/Reuters

တတိယပိုဒ်ပြန်ဆိုချက်။ ။ အသက် ၂၄ နှစ်နှင့်အောက် ဝန်ထမ်းများမှာ တစ်နှစ်လျှင် တစ်ရက် ခံစားခွင့်ရှိမည်ဖြစ်ပြီး ၂၅ နှစ်မှ ၂၉ နှစ်အတွင်း ဝန်ထမ်းများက နှစ်ရက်နှင့် ၂၉ နှစ်နှင့်အထက်ဝန်ထမ်းများက သုံးရက်မျှ အဆိုပါ ခံစားခွင့်ရရှိမည်ဟု ဆိုသည်။

သုံးသပ်ချက်

သတင်းခေါင်းစဉ်တွင် **"heartache leave"** ဟု " " အမှတ်အသားပြထားသည်ကို သတိပြုမိပါလိမ့်မည်။ ပုံမှန်အားဖြင့် **headache**(ခေါင်းကိုက်)၊ **stomach-ache**(ဗိုက်နာ)ဟုသာရှိပြီး ယခု **heartache** ဟု တီထွင်ကာ သုံးထား သဖြင့် ဖော်ပြပါ အဖွင့်အပိတ် သင်္ကေတပြခြင်းဖြစ်သည်။ အသည်းနာ၊ အသည်းကွဲဟု ဘာသာမပြန်ဘဲ ချစ်ကံခေသူဟု ပြန်ဆိုပါသည်။

ပထမပိုဒ်၏ ပထမဆုံးစကားလုံး **lovelorn** မှာ အဓိက ဆိုလိုရင်းဖြစ်ပြီး အဓိပ္ပာယ်မှာ (ချစ်ဒုက္ခရောက်နေသော) ဖြစ်သည်။ ရှိပြီးအသုံးကိုပင် **"heartache" "heartbreak"** စကားလုံးများဖြင့် မထပ်ရ၊ မရိုးရလေအောင် အလဲအလှယ်သုံးနှုန်းထားပါသည်။

အင်္ဂလိပ်–မြန်မာနှစ်ဘာသာ ယှဉ်တွဲလေ့လာခြင်းဖြင့် အင်္ဂလိပ်စာဗဟုသုတ တိုးပွားပါလိမ့်မည်။ ။

[မှတ်ချက်။ ။ ဆရာအမ်အမ်အေ၏ ဆောင်းပါးကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ဖော်ပြသွားရန် စီစဉ်ထားပါသည်။] **မြန်မာ့အလင်းစာတည်းအဖွဲ့**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ နှမ်းမနဲ့ စတုဒိသာပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၁၁)ကြိမ်မြောက် နှမ်းမနဲထိုးပွဲနှင့် စတုဒိသာအလှူပွဲကို ဖေဖော်ဝါရီ၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ ညနေ ၃ နာရီမှ စတင်ကာ ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဘုရားဖူးလာ ဓမ္မမိတ်ဆွေများအား စတုဒိသာကျွေးမွေး၍ လှူဒါန်းမည်ဖြစ်သည်။ နှမ်းမနဲ တစ်ဒယ်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တစ်နိုင်အလှူဖြင့်လည်းကောင်း ဂေါပကရုံး ဖုန်း–၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကျေးသီးမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံး ပစ္စည်းကိရိယာများနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး Language Lab အတွင်း ပညာသင်ကြားသင်ယူနေမှု၊ စာသင်ခန်းများ၌ ကျောင်းသား ကျောင်းသူများ၏ စာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ကြီး ဦးမောင်မောင်နှင့် ဆရာ ဆရာမများအား ပညာရပ်ဆိုင်ရာများကို ဆွေးနွေးမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ၃၀ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက်မိုင် ၃၀ ခန့်အကွာ နမ့်တိန်ချောင်းပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၇)တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရည်မှန်းဆောင်ရွက်

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး နှစ်စဉ် ၄၇၂ ကီလိုဝပ်နာရီ သန်းပေါင်း ပျမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ အဓိကလုပ်ငန်းများဖြစ်သည့် ရေလွှဲဆည် အမှတ်(၁)၊ ရေလွှဲဆည် အမှတ်(၂)၊ ရေယူအဆောက်အအုံ၊ ရေယူတူးမြောင်း၊ သဲနုန်းထုတ်ကန်၊ ရေသွယ်မြောင်း၊ ရေထိန်းကန် တည်ဆောက်ခြင်း လုပ်ငန်းများကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ဖိအားမြှင့် ပိုက်လိုင်းလုပ်ငန်းအနေဖြင့် ၆၅ ရာခိုင်နှုန်းနှင့် ဓာတ်အားပေးစက်ရုံမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းကြီးကို ၂၀၀၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်၍ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ပိုလျှံသောဓာတ်အားများကို မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်တည်ဆောက်လျက်ရှိပါကြောင်း၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းက ၅၂ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

စီစဉ်ဆောင်ရွက်

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ်ကို နမ့်စန်ပင်မဓာတ်အားခွဲရုံမှ တစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်ရှိမြို့များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်နှင့် ပိုလျှံသောဓာတ်အားများကို နမ့်စန်–ပင်းပက်–ကလော ၁၃၂ ကေဗွီဓာတ်အားလိုင်းမှ ကျန်ဒေသများသို့ လျှပ်စစ်ဓာတ်အား ပေးပို့ရန်ဖြစ်ပါကြောင်း၊ ကျိုင်းတောင်း–နမ့်စန်၊ နမ့်စန်–ပင်းပက်၊ နမ့်စန်–လွိုင်လင်၊ နမ့်စန်–မိုးနဲ ဓာတ်အားလိုင်းများ ဆက်သွယ်ရေး၊ နမ့်စန်၊ လွိုင်လင်၊ မိုးနဲ ဓာတ်အားခွဲရုံများ တည်ဆောက်ရေး၊ မိုးနဲ–မောက်မယ်၊ လင်းခေး–မိုင်းပန်၊ ကျိုင်းတောင်းစက်ရုံမှ ကျိုင်းတောင်းမြို့သို့ ဓာတ်အားလိုင်းများ သွယ်တန်းရေးနှင့် မိုးနဲမြို့၊ မောက်မယ်မြို့၊ လင်းခေးမြို့၊ မိုင်းပန်မြို့နှင့် ကျိုင်းတောင်းမြို့များအတွင်း ဓာတ်အားခွဲရုံများ တည်ဆောက်ရေးဆောင်ရွက်နေပါကြောင်း၊ ကျိုင်းတောင်းစက်ရုံမှ ပထမစက်တစ်လုံးပြီးစီးပြီး ဓာတ်အားထုတ်လွှတ်ပေးသည်နှင့်တစ်ပြိုင်နက် မဟာဓာတ်အားလိုင်းများမှ ဆက်စပ်ဆက်နွှယ်သော မြို့များသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရေး အရန်သင့်ဖြစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ပြန်လည်ဆွေးနွေးမှာကြားရာတွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတို့ကို ရည်မှန်းချက်အတိုင်း ပြီးစီးရေးနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၎င်းစီမံကိန်းများက ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားကို ဒေသလိုအပ်ချက်အတိုင်း ဦးစားပေးဖြန့်ဖြူးပြီး စနစ်တကျ ပြည့်ပြည့်ဝဝအသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

လက်ဆောင်ပေး

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးသည် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းမန်နေဂျာ Mr. Wu Jing De နှင့် အဖွဲ့အား သစ်သီးခြင်းလက်ဆောင်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်တိန်ချောင်း (ကျိုင်းတောင်းရေတံခွန်)နှင့် တည်ဆောက်ဆဲ ဓာတ်အားပေးစက်ရုံကိုလည်းကောင်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကိုလည်းကောင်း ကြည့်ရှု၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းအတွင်း ကျိုင်းတောင်းရေထိန်းကန်၊ နုန်းစစ်ကန်၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ သဲထုတ်တံခါး၊ ရေလွှဲဆည် အမှတ်(၁)၊ ရေလွှဲဆည် အမှတ်(၂)၊ ရေသွယ်မြောင်း၊ သဲနုန်းထုတ်ကန်၊ ရေယူတူးမြောင်း၊ ဖိအားမြှင့်ပိုက်လိုင်းနှင့် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ တုန်ဟုန်းပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ဆရာတော်ဘဒ္ဒန္တ သောစိဏ္ဏနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လင်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ သံဃာဆောင်တည်ဆောက်မည့်လုပ်ငန်းနှင့် စင်္ကြံလမ်းတည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆေးရုံသုံးပစ္စည်းကိရိယာများနှင့် ဆေးပဒေသာပင်အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူး ကျောင်းအုပ်ကြီး ဦးခင်မောင်တင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်း (Multi Media Class Room) များအတွင်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၁)က ပညာရေးဆိုင်ရာများကို ဆွေးနွေးမေးမြန်းမှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့သို့ ရောက်ရှိကြပြီး ကျေးသီးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ခိုင်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ ခွဲစိတ်ခန်း၊ ဆေးစတိုခန်း၊ အမျိုးသမီးဆေးကုဆောင်၊ အမျိုးသားဆေးကုဆောင်၊ သွားနှင့်ခံတွင်းဆေးကုခန်း၊ ဓာတ်မှန်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆေးရုံသုံးဆေးဝါးပစ္စည်းကိရိယာများနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြကာ အတွင်းရေးမှူး(၁)က လိုအပ်ချက်များကို ဖြည့်ဆည်း မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ကျေးသီးမြို့မှ ညနေ ၃ နာရီတွင် ထွက်ခွာခဲ့ကြရာ တောင်ကြီးမြို့မှတစ်ဆင့် နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ပူးပေါင်းဆောင်ရွက်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့သည် ဇန်နဝါရီ၂၇ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ အလုပ်အမှုဆောင်အဆင့်ဆင့်များနှင့် တွေ့ဆုံပြီး တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသင်း အတွင်းရေးမှူးများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးမှာကြားကာ အသင်းကြီး၏ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့် လက်တွဲ၍ အားတက်သရော ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဇန်နဝါရီ၃၀ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတောင်းမြို့နှင့် ကျေးသီးမြို့နယ်တို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရေးနှင့် အသင်းကြီး၏ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားကြသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် နံနက် ၉ နာရီခွဲ တွင် ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်းရေလယ် စေတီတော်မြတ်ကြီးသို့ ရောက်ရှိသည်။

ထို့နောက် ကျိုက်မှော်ဝန်းရေလယ်စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ခင်က အများပြည်သူဘုရားဖူးများ အလှူငွေ ၄၅ သိန်း အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်း ၅၂ သိန်းကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ကာကွယ်ဆေးတိုက်ကျွေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မီးပြစံပြကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် ကြက်လည်လိမ်ရောဂါ I_2 အပူဒဏ်ခံကာကွယ်ဆေး၊ မျက်စဉ်းခပ်ခြင်းလုပ်ငန်းအခမ်းအနားသို့ တက်ရောက်ပြီး ကြက်များအား ကာကွယ်ဆေးတိုက်ကျွေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အမှတ်(၉) ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းသို့ ရောက်ရှိပြီး ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကျောက်တန်းမြို့နယ်အတွင်း မွေးမြူရေးမြေဧရိယာ ၆၂၇၉ ဒသမ ၄၃ ဧက၌ ပုစွန်ကျား ၅၁၇ ဒသမ ၁၂၈ တန်၊ ပုစွန်ဖြူ ၉၆ ဒသမ ၅၈၈ တန်၊ ငါးမျိုးစုံ ၂၀၂ ဒသမ ၈၃၁ တန်၊ ကဏန်း (ရိုးရိုး) ၁၇၇ ဒသမ ၈၄၈ တန်၊ ကဏန်း ပျော့ ၈၄ ဒသမ ၁၂၅ တန် ထုတ်လုပ်နိုင်ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိကြောင်း၊ အမှတ် ၉ ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းအနေဖြင့်လည်း ပုစွန်ကန်များမွေးမြူထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် တံတားမြို့သို့ ရောက်ရှိပြီး ဆင်းရွှေကြာ မျိုးနေကြာသုံးဧကစိုက်ခင်းအားကြည့်ရှု၍ တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ကျောက်တန်းမြို့နယ် တံတားမြို့တွင် ပဲမျိုးစုံ ၂၈၇၁၅ ဧက၊ ဆီထွက်သီးနှံ ဧက ၂၉၆၀ စိုက်ပျိုးပြီးကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၃၀ ရက်က မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များအဖွဲ့ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမင်းစိုးအား ပညာရှင်အဖွဲ့ဝင် အသိအမှတ်ပြုလွှာကို ပေးအပ်စဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

ပဲခူး စိန်သာလျှောင်း ဗုဒ္ဓရုပ်ပွားတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပဲခူးမြို့ သမိုင်းဝင်စိန်သာလျှောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် (ဖေဖော်ဝါရီ ၁၈) ရက်မှ ၁၃၆၉ ခုနှစ် တပို့တွဲလပြည့် (ဖေဖော်ဝါရီ၂၁ ရက်)အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လောင်းလှူမည်

ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ပူဇော်ပြီး ပဋ္ဌာန်းရွတ်ဆိုပွဲ ကျင်းပမည်ဖြစ်သည်။ ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိသုဒ္ဓဆရာတော်ကြီးအား အမှူးထား၍ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်ဆိမ်းလောင်းလှူ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တပို့တွဲလပြည့်နေ့ မွန်းလွဲ ၂ နာရီတွင် လှူဖွယ်ပစ္စည်းများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁–၂–၂၀၀၈ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀	၆။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၂၀	၇။	အကပြိုင်ပွဲ
၈း၃၀	၈။	International News
၈း၄၅	၉။	English for Everyday

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice In Reading
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(စိတ်ပညာ အထူးပြု) [စိတ်ပညာ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၁၅	၆။	မြန်မာစာ၊ မြန်မာစကား
၁၇း၃၀	၇။	**ချစ်လွန်းလို့** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ–ကြည်စိုး)
၁၇း၄၅	၈။	နှောင်းခေတ်တေးပဒေသာ
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့် ဆုံစည်းခြင်း** (အပိုင်း–၅)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း–၂၄)

ကြာနီကန်ဦးရေဝတ (ဝါးခယ်မ) ဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် ငါးထပ်ကြီး မြောက်ရပ်ကွက် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဦးရေဝတ(ဝါးခယ်မ)ဆရာတော်သည် ဖေဖော်ဝါရီ ၂ ရက်တွင် ဗိုလ်တထောင် ဆိပ်ကမ်းမြို့နယ်၊ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျုန်စစ်သားအိမ်ရာ လှိုင်သာယာ၊ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ကြိမ်ချောင်းကျေးရွာ ညောင်တုန်းမြို့နယ်၊ ၉ ရက်တွင် အုတ်ကျင်း (၁၃)ရပ်ကွက် ဇေတဝန် ကျောင်းလမ်း (ဆည်းဆာ)ည ၈နာရီခွဲတွင် လှော်ကားသာခုကန် ရွှေပြည်သာ၊ ၁၀ ရက်၊ ၁၁ ရက်တွင် ငဖြူလေးဘူတာ သုံးဆယ် သာယာဝတီမြို့နယ်နှင့် ၁၂ ရက်တွင် ကန်တော်ကလေး ၉ လမ်း(တောင်ပိုင်း) မင်္ဂလာတောင်ညွန့်မြို့နယ်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း–၀၁–၅၅၈၂၉၇ နှင့် ၀၉–၅၀–၃၃၅၈၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

သံဃမဟာပရိဝါသပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ဖျာပုံမြို့နယ် ဂျိုဝါကြီးခင်းကျေးရွာ ဝိနယမဓမ္မပါလကျောင်းတွင် (၁၆)ကြိမ်မြောက် သံဃမဟာပရိဝါသပွဲတော်ကို တပို့တွဲလဆန်း ၈ ရက်မှ တပို့တွဲလပြည့်ကျော် ၈ ရက်အထိ ၁၅ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ပရိဝါသ ဆောက်တည်မည့် သံဃာတော် အရှင်သူမြတ်တို့သည် တပို့တွဲလဆန်း ၆ ရက် နောက်ဆုံးထား၍ ကြွရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အိုင်စီတီလောက ဖွံ့ဖြိုးရေးအထောက်အကူပြုမည့်

DOTA e-Sports Championship 2008 ဂိမ်းပြိုင်ပွဲ

အမေးနှင့်အရေး– မိုးမြင့်လင်းလက်
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၃၁

အိုင်တီနည်းပညာရပ်တွေကို စိတ်ဝင်စားတဲ့ လူငယ်တွေအတွက် မြန်မာဂိမ်းမားစ်ကလပ်က ဦးစီးကျင်းပမယ့် DOTA e-Sports Championship 2008 ဂိမ်းပြိုင်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် (တက္ကသိုလ်များနယ်မြေ)မှာ ရှိတဲ့ မြန်မာအင်ဖိုတက် ကွန်ဖရင့်ခန်းမမှာ ဖေဖော်ဝါရီ ၂ရက်မှ ၄ ရက်အထိ ကျင်းပပါတော့မယ်။

ချီးမြှင့်သွားမယ်

"ပထမဆုကို ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနဲ့ တတိယဆုကို ငွေကျပ် တစ်သိန်း ချီးမြှင့်သွားမယ်"

ဦးမင်းဝင့်ဦး
မြန်မာ ဂိမ်းမားစ်ကလပ် ဥက္ကဋ္ဌ

အသွင်ကူးပြောင်း

ဒါကြောင့်မို့ ဒီဂိမ်းပြိုင်ပွဲကျင်းပရမှုနဲ့ ပတ်သက်ပြီး မြန်မာဂိမ်းမားစ်ကလပ် ဥက္ကဋ္ဌဖြစ်တဲ့ ဦးမင်းဝင့်ဦးနဲ့တွေ့ဆုံကာ ပြိုင်ပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကို မေးမြန်းတဲ့အခါ "မြန်မာနိုင်ငံရဲ့ ကွန်ပျူတာဂိမ်းလောက တိုးတက်မြင့်မားလာစေဖို့၊ မြန်မာ့အိုင်စီတီလောကကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပြီး အိုင်စီတီအဆင့်အတန်းတိုးတက်ဖွံ့ဖြိုးစေဖို့၊ ဆိုက်ဘာကဖေးတွေ Computer Network Game Centre တွေနဲ့ Game Industry အဆင့်မြင့်တိုးတက်လာစေရေး၊ ကွန်ပျူတာဂိမ်းပြိုင်ပွဲများကို အားကစားပြိုင်ပွဲများအသွင် ကူးပြောင်းပြီး e-Sports ကို အကောင်အထည်ဖော်ရေး၊ မြန်မာ့ဆိုင်ဘာအားကစားသမားများ ပေါ်ထွက်လာစေရေးနဲ့ e-Sports ကို အခြေခံပြီးအောင်မြင်တိုးတက်သော စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရေးတို့အတွက် ဒီလိုဂိမ်းပြိုင်ပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်"လို့ ဦးမင်းဝင့်ဦးက ရှင်းပြပါတယ်။

အသင်းလိုက်ယှဉ်ပြိုင်

ဒီဂိမ်းပြိုင်ပွဲဟာ မြန်မာဂိမ်းမားစ်ကလပ်ရဲ့ ဒုတိယမြောက်ပြိုင်ပွဲလည်းဖြစ်ပြီး ပထမအကြိမ်က ၂၀၀၇ခုနှစ် ဇူလိုင် ၄ ရက်က ရန်ကုန်မြို့ အိုင်ဘီစီအဆောက်အအုံမှာ ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ အခုကျင်းပမယ့် ဂိမ်းပြိုင်ပွဲရဲ့ အစီအစဉ်တွေနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ ဦးမင်းဝင့်ဦးက "အားကစားပြိုင်ပွဲတစ်ရပ်လို ကျင်းပသွားမယ်။ အသင်းလိုက် ယှဉ်ပြိုင်ကြရမှာဖြစ်ပြီး၊ ပြိုင်ပွဲဝင်တစ်သင်းကို မန်နေဂျာတစ်ဦး၊ အသင်းခေါင်းဆောင် အပါအဝင် အားကစားသမားငါးဦး၊ အရန်ကစားသမားနှစ်ဦးဆိုတော့ တစ်သင်းမှာ စုစုပေါင်း ရှစ်ဦး ပါဝင်မယ်။ ပြိုင်ပွဲဝင် ၃၂သင်းသာ သတ်မှတ်လက်ခံသွားမှာဖြစ်ပြီး အဲဒီ ၃၂ သင်းကို လေးသင်းစီပါ အုပ်စုရှစ်စုခွဲကာ အုပ်စုပတ်လည်ပြိုင်ပွဲ၊ ရှုံးထွက်အဆင့်၊ ကွာတား၊ အကြိုဗိုလ်လုပွဲနဲ့ နောက်ဆုံးဗိုလ်လုပွဲတွေအဖြစ် ယှဉ်ပြိုင်ကစားစေမှာပါ"လို့ မြန်မာ့အလင်းသို့ ရှင်းပြပါတယ်။

ခွင့်ပြုချက်လက်မှတ်

ပြိုင်ပွဲဝင်တွေက တစ်ဦးကို လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်ကတ်ပြား မိတ္တူသို့မဟုတ် ကျောင်းသားကတ်ပြား မိတ္တူတို့နဲ့အတူ ပုံစံဖြည့်လျှောက်ထားကြရမှာ ဖြစ်ပါတယ်။ အသက်(၁၇)နှစ်အောက် လူငယ်တွေကတော့ မိဘအုပ်ထိန်းသူရဲ့ ခွင့်ပြုချက်လက်မှတ် ပါရှိရမှာဖြစ်ပြီး လျှောက်ထားရမှာကတော့ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်း အမှတ် ၅၄(ဒုတိယထပ်)မှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်လျှောက်လွှာပိတ်ရက်ကတော့ ဖေဖော်ဝါရီ ၁ ရက် **(ယနေ့)** ညနေ ၆ နာရီ ဖြစ်တယ်လို့ သိရပါတယ်။

ဝိုင်းဝန်းကူညီ

တကယ်တော့ အခုလိုဂိမ်းပြိုင်ပွဲဖြစ်မြောက်အောင် MSI (Smart Computer), Viewsonic (Royal Ayeyarwaddy Company/ Fidonet Computer), G-View (Cyber Tron Computer), ICON Computer/ KTM Purified Drinking Water(Pyinmanar), Ma Ma Instant Noodles, Victoria Shopping Mall, CD Forum, U4 Computer Group နဲ့ 4AM Digital Services တို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတာဖြစ်တယ်လို့ ဦးမင်းဝင့်အောင်က ဆက်လက်ပြောပြပါတယ်။

စိတ်ဝင်စားစရာကောင်း

ဒါကြောင့် မြန်မာနိုင်ငံရဲ့ ကွန်ပျူတာဂိမ်းလောက ဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ မြန်မာ့အိုင်စီတီ အဆင့်အတန်းတိုးတက်စေဖို့ အထောက်အကူပြုစေမယ့် Dota e sports Championship 2008 ပြိုင်ပွဲဟာ လူငယ်တွေအတွက်တော့ စိတ်ဝင်စားစရာကောင်းတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါကြောင်း သတင်းစကားပါးလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

လေ့ကျင့်

ဂိမ်းပြိုင်ပွဲဝင်ကြမည့် ပြိုင်ပွဲဝင်များ ဤသို့ လေ့ကျင့်နေကြသည့် မြင်ကွင်း။

လက်ဆောင်ပစ္စည်း

ဒီဂိမ်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရမယ့် ဂိမ်းအမျိုးအစားနဲ့ ဆုကြေးငွေပေးမှုကို ဆက်လက်မေးမြန်းတဲ့အခါ **"ဒီဂိမ်းပြိုင်ပွဲမှာ Dota ဂိမ်းအမျိုးအစားတစ်ခုတည်းကိုပဲ ပြိုင်ရမှာဖြစ်ပြီး ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း ချီးမြှင့်သွားမှာပါ။ ဒါ့အပြင် အကောင်းဆုံး First blood ကစားသမားဆုနဲ့ လူသစ်တန်း အကောင်းဆုံး အသင်းဆုကိုလည်း ပေးသွားမှာဖြစ်ပါတယ်။ နောက်ပြီး ပြိုင်ပွဲဝင်အသင်းတိုင်းကို လက်ဆောင်ပစ္စည်းတွေ ပေးသွားမှာပါ"** လို့ ဦးမင်းဝင့်ဦးက ပြောကြားပါတယ်။

ကွန်ပျူတာအလုံး ၄၀

ပြိုင်ပွဲဝင်အသင်းတွေကို ဆုရွေးချယ်ပေးမယ့် ဒိုင်အဖွဲ့လည်း ထားရှိမှာဖြစ်ပြီး ဒိုင်ချုပ်တစ်ဦး အပါအဝင် ၁၅ ဦးပါရှိတဲ့ ဒိုင်အဖွဲ့က အကဲဖြတ်အမှတ်ပေးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ ဒီဂိမ်းပြိုင်ပွဲမှာ ကွန်ပျူတာအလုံး ၄၀ ခန့် တပ်ဆင်အသုံးပြုသွားမှာဖြစ်ပြီး ပြိုင်ပွဲဝင်နေရာသုံးခုထားကာ ယှဉ်ပြိုင်စေမှာဖြစ်တာမို့ တစ်ချိန်တည်းမှာ ပြိုင်ပွဲဝင်ခြောက်သင်း တစ်ပြိုင်တည်း ယှဉ်ပြိုင်လို့ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကွန်ပျူတာဂိမ်းလောက ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ မြန်မာ့အိုင်စီတီ အဆင့်အတန်း တိုးတက်စေဖို့ အထောက်အကူပြုစေမယ့် Dota e-Sports Championship 2008 ပြိုင်ပွဲဟာ လူငယ်တွေအတွက် စိတ်ဝင်စားစရာ ကောင်းတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်။

ကော့ကရိတ်မြို့နယ်နှင့် မုန်းမြို့နယ်တို့၌ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက် ညနေ ၆ နာရီခန့်က ကရင်ပြည်နယ်ကော့ကရိတ်မြို့နယ် လှိုင်တန်းကျေးရွာနေ ဦးချစ်ထွန်း၏သား ဦးအကျူး အသက် (၄၆) နှစ်သည် လှိုင်တန်းကျေးရွာမှ လောက်လေးကျေးရွာရှိ နာရေးသို့ သွားရောက်စဉ် တောလမ်းခရီး၌ သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး ဦးအကျူး၏ ညာခြေချင်းဝတ်အထက်မှ ပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၅ ရက် နံနက် ၉နာရီ ၁၅ မိနစ်ခန့်က ပဲခူးတိုင်း မုန်းမြို့နယ်နေ ဦးအုန်းခိုင်၏ သားမောင်ကျော်မိုး အသက် (၃၄)နှစ်သည် မီးတိုင်တောအုပ် မရမ်းတောင်ရွာ တစ်ဝိုက်၌ ဝါးခုတ်နေစဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး မောင်ကျော်မိုး၏ဘယ်ခြေထောက်ခြေချင်းဝတ်မှပြတ်ကာ ညာဘက်ခြေသလုံးတွင် မိုင်းစများ ထိမှန်ဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါမိုင်းထိဒဏ်ရာရရှိခဲ့သည့် ဦးအကျူးနှင့် မောင်ကျော်မိုးတို့အား တာဝန်ရှိသူများက ကော့ကရိတ်မြို့နယ်ပြည်သူ့ဆေးရုံနှင့် မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ မန္တလေးနှင့် အရာတော်မြို့နယ်တို့မှ ပါတီဝင်ခြောက်ဦးနုတ်ထွက်

နေပြည်တော် ဇန်နဝါရီ ၃၁

မန္တလေးမြို့ အရှေ့တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အမျိုးသမီး စည်းရုံးရေးတာဝန်ခံ(၁)ဖြစ်သူ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်မြိုင် (ခ) ဒေါ်သန်းညွန့်နှင့် အရှေ့တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးလှအောင်၊ စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် တောင်မွှာကျေးရွာနေ ဦးငွေးဝင်းနှင့် ဦးသိန်းထွန်းတို့သည် ဇန်နဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့အရှေ့တောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ချမ်းမြသာစည်မြို့နယ်နေ ဦးခင်မောင်ဝင်းနှင့် ဒေါ်လှကြည်တို့သည် ဇန်နဝါရီ ၂၇ ရက်တွင်လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

၎င်းတို့၏နုတ်ထွက်စာများတွင် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ရွှေတြိဂံဒေသ ခြေချခဲ့ခဏတာ(၁)

သည့်လမ်းသည်ကား မဖြောင့်သော်လည်း ဖြူးသောလမ်းဟု ဆိုအပ်ပါ၏။ မဖြောင့်ရခြင်းမှာ တောင်ပေါ်လမ်းတို့ဓမ္မတာအတိုင်း တောင်စွန်းများ၊ တောင်စွယ်များ၊ တောင်ဆင်နှာမောင်းများ၊ တောင်ဆင်ခြေလျှောများကို ပန်း၍၊ ပတ်၍၊ ကွေ့၍ ဖောက်လုပ်ရခြင်းကြောင့်ဖြစ်၏။ ဖြူးရခြင်းမှာ လမ်းပေါ်၌ ချိုင့်များ၊ ခွက်များလုံးဝမရှိဘဲ လမ်းမျက်နှာပြင် တညီတည်းဖြစ်နေအောင် စံချိန်စံညွှန်းမီ ကျောက်၊ သဲ၊ ကတ္တရာတို့ကို အပြည့်အဝသုံး၍ ခင်းထားသောကြောင့်ဖြစ်၏။ ထို့ကြောင့် ဤလမ်းသည် မဖြောင့်သော်လည်း ဖြူးနေပါသည်။

သည့်လမ်းပေါ်မှာ ကွေ့ကာ၊ ပတ်ကာ၊ ပန်းကာ၊ ဝိုက်ကာ ပြေးလွှားလျက်ရှိသော ယာဉ်ပေါ်၌ လိုက်ပါရင်း လူသားအားလုံးနှင့် အကျုံးဝင်သည့် လမ်းလေးသွယ်အကြောင်း စဉ်းစားနေမိ၏။ လူသားတို့သည် ဘဝခရီးကို နှင်နေကြရာ၌

(၁) ဖြောင့်၍ ဖြူးသောလမ်း၊
(၂) ဖြောင့်၍ မဖြူးသောလမ်း၊
(၃) ဖြူး၍ မဖြောင့်သောလမ်း၊
(၄) မဖြူးမဖြောင့်သောလမ်းဟူသည့် လမ်းလေးသွယ်မှာ ဝဲလည်လျှောက်လှမ်းနေရကြောင်း အတွေးဝင်နေမိပါသည်။

ယာဉ်ပေါ်၌လိုက်ပါရင်း ဘဝခရီးလမ်းကို အတွေးနယ်ဝင်နေဆဲ ကျိုင်းတုံမြို့ ကမ္ဘည်းကျောက်စာကို ဖြတ်ကျော်လာသောအခါ ထင်းထင်းထင်ထင် တွေ့မြင်လိုက်ရသည်မှာ ကျိုင်းတုံတက္ကသိုလ် ပင်မအဆောက်အအုံကြီး ဖြစ်ပါသည်။ ခံ့ညားထည်ဝါလျက်ရှိသော ပင်မတက္ကသိုလ်အဆောက်အအုံနှင့်အတူ မနီးမဝေးရှိ ဆရာ ဆရာမများအတွက် အိပ်ဆောင်များ၊ ရပ်ဝေးကျောင်းသား ကျောင်းသူတို့အတွက် အိပ်ဆောင်များအပါအဝင် ကျယ်ဝန်းဆိတ်ငြိမ်သော ဤကျိုင်းတုံတက္ကသိုလ်ကြီးက ဒေသခံရင်သွေးငယ်များအား ပညာပြည့်ဝနှလုံးလှအောင် ထောက်မ သင်ကြားပေးနေလျက်ရှိလေပြီ။

ကျိုင်းတုံမြို့ မဟာဗောဓိကမ္မဋ္ဌာန်း ကျောင်းတိုက်၌ ခေတ္တနားနေကြပြီးနောက် မဟာမြတ်မုနိဘုရားကြီးနှင့် ခေမာရဋ္ဌရုပ်တော်မူ ရုပ်ပွားတော်ကြီးတို့အား ဖူးမြော်ရန် ထွက်ခဲ့ကြပါသည်။ မဟာမြတ်မုနိဘုရားပရိဝုဏ်မှာ ရန်ကုန်မြို့ ဆူးလေစေတီတော်ပရိဝုဏ်ကဲ့သို့ အရပ်လေးမျက်နှာပတ်လည်လမ်းရှိသဖြင့် လူအများ ဖူးမြော်လွယ်ကူလျက်ရှိ၏။ မဟာမြတ်မုနိရုပ်ပွားတော်မှာ မန္တလေးမဟာမုနိ ပုံတူတော်ဖြစ်၍ မျက်နှာတော်မှတစ်ပါးလုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ထားနိုင်သည်ကို ထောက်ရှုလျက် ကျိုင်းတုံသားတို့၏ သဒ္ဓါတရားကို ခန့်မှန်းနိုင်ပါသည်။ ကျိုင်းတုံစော်ဘွားစဝ်ဖကွန်ကျောက် လက်ထက်၌ စတင်ပူဇော်ခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းက ဆိုပါသည်။

ယင်း မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးအား အာမိသပူဇာအဖြစ် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဓမ္မပူဇာအဖြစ် အနေကဇာတိ သံသာရံစချီ ဂါထာတော်များ ရွတ်ပွားပူဇော်ခြင်းကို ကြည်နူးနှစ်သိမ့်စွာ အားပါးတရ ဆည်းပူးပြီးသည့်နောက် ခေမာရဋ္ဌ ဗျာဒိတ်ပေး ရုပ်တော်မူရုပ်ပွားတော်ကြီးထံတော်မှောက် ရောက်ရှိသွားသောအခါ ဆည်းဆာနေ ဖျော့ခဲ့လေပြီ။

တိုးဖော့ဝင်ရောက်လာသည့် ညအမှောင်ထုကို အားကောင်းလှသော မီးမောင်းများက ဖယ်ရှားပေးထားသဖြင့် ၇၆ပေ ၆လက်မ ဉာဏ်တော်အမြင့်ရှိသည့် ရုပ်တော်မူ ရုပ်ပွားတော်ကြီး၏သဏ္ဌာန်သည် ဝေယံမိုးထက် ဈာန်ပျံတက်တော့မည့်အလား ခံစားဖူးမဝ ဖြစ်ရ၏။

ခြောက်ပေအမြင့် ရင်ပြင်တော်ဝယ် သုံးပေအမြင့် အထက်ပစ္စယာမှာ ခြောက်ပေ ခြောက်လက်မအမြင့် ရှစ်ထောင့်ပန်းတင်ခုံတွင် ခုနစ်ပေအမြင့် ကြာပလ္လင်၌ မတ်မတ်ချထားတော်မူအပ်သည့် ခြေဖဝါးတော်နှစ်စုံမှ ဟိုအထက် ဦးခေါင်းတော်အထိ ဉာဏ်တော်အမြင့် ၇၆ပေ ၆လက်မ ရှိတော်မူပြီး ရွှေအလေးချိန် တစ်ပိဿာရှိ နဖူးသင်းကျစ်တော်က အလျား ၁၈ပေရှိတော်မူပါသည်။ ၁၉၉၅ခုနှစ် ဇွန်၊ ဇူလိုင်လများအတွင်း ထိုနေရာ၌ မြေထဲမှ ရုပ်ပွားတော်များ ပေါ်တော်မူလာရာ ကျိုင်းတုံမြို့ပေါ်ရှိ ဂိုဏ်းပေါင်းစုံ သံဃနာယကဆရာတော်များ၊ တာချီလိတ်မှ သံဃနာယကဥက္ကဋ္ဌ နဂါးနှစ်ကောင်ဆရာတော် အမှူးပြုသည့် ဆရာတော်များနှင့်တကွ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး(ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်) အမှူးပြုသည့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ထေရဝါဒ ဗုဒ္ဓသာသနာ မြင့်မားစွာ ထွန်းလင်းနိုင်စေရန်နှင့် နိုင်ငံတစ်ဝန်း အေးချမ်းသာယာစေရန် ရည်မှန်းကာ ယင်းပေါ်တော်မူရုပ်ပွားတော်များကို ဌာပနာသွင်းပြီး ခေမာရဋ္ဌဗျာဒိတ်ပေး ရုပ်ပွားတော်ကြီး တည်ထားကိုးကွယ်ပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ ပကတိကိုယ်လုံးတော် အတိုင်းအတာနှင့်စပ်လျဉ်း၍ အဋ္ဌကထာအဖွင့်များနှင့် ဂန္ထန္တရများ၌ အချေအတင် စိတ်ဝင်စားဖွယ် ဖတ်ရှုကြရကုန်၏။ ရှင်သာမဏေငယ်တစ်ပါးကလည်း "ဘုန်းဘုန်းဘုရား မြတ်စွာဘုရားရုပ်ပွားတော်တွေက လက်သန်းလောက် သေးသေးလေးတွေရှိသလို တောင်လောက်ကြီးကြီးတွေလဲရှိနေလို့ အဲဒါဘာဖြစ်တာလဲဘုရား" ဟု အမှတ်မထင် မေးလျှောက်တာ ကြုံခဲ့ရဖူး၏။ ထို့ကြောင့် ဤ၌ အကျဉ်းမျှ ရှင်းပြလိုပါ၏။

မြတ်ဗုဒ္ဓ၏ ပကတိအရပ်တော်သည် သံဃာအများကြား၌ မြင့်မြင့်မားမား ထင်ထင်ပေါ်ပေါ် ရှိတော်မူနေမည်သာဖြစ်၏။ မြတ်ဗုဒ္ဓကို တစ်ကြိမ်တစ်ခါမျှ မဖူးမြင်ဖူးသူသည် သံဃာများအလယ်၌၊ သံဃာများကြား၌ ရောက်ရှိနေသော မြတ်ဗုဒ္ဓကို "ဒါ မြတ်စွာဘုရားပဲ"ဟု တထစ်ချ ဆုံးဖြတ်ချက်ချနိုင်လောက်အောင် မြတ်ဗုဒ္ဓ၏ ကိုယ်လုံးတော်က ထင်ပေါ်ထင်ရှားနေမည်မှာ မုချဖြစ်၏။

အကယ်၍ လိုအပ်လာသောကြောင့် သေးငယ်အောင်တန်ခိုးဖြင့် ဖန်ဆင်းတော်မူရမည်ဆိုလျှင် မုန်ညင်းစေ့အတွင်း ဟိုမှသည်မှ စင်္ကြံကြွနိုင်သည်အထိလည်းကောင်း၊ ကြီးမားအောင် တန်ခိုးဖြင့် ဖန်ဆင်းတော်မူမည်ဆိုလျှင် ဤစကြဝဠာတစ်တိုက်လုံးကိုပင် မြတ်ဗုဒ္ဓကိုယ်လုံးတော်ဖြင့် ဖုံးလွှမ်းအုပ်မိုးထားနိုင်သည်အထိ လည်းကောင်း ဖန်ဆင်းနိုင်သည့် အဏိမာဘုန်းတန်ခိုး၊ မဟိမာဘုန်းတန်ခိုးများကို ပြည့်ဝစွာ ပိုင်ဆိုင်ထားတော်မူကြောင်း တိတိပပသိရှိထားလျှင် လက်သန်းလောက် ရုပ်ပွားတော်ငယ်ကို ဖူးမြော်ရခိုက် အဏိမာဘုန်းတန်ခိုး၊ ပေပေါင်းဆယ်ချီရာချီ ရုပ်ပွားတော်ကြီးကို ဖူးမြော်ရခိုက် "ဘဂဝါ ဘုန်းတော် တန်ခိုးတော် ကြီးမားတော်မူသော မြတ်စွာဘုရား"ဟု ပုံတော်မှာ ဂုဏ်တော်သွင်း ရှင်းသန့်စွာ ကြည်ညိုနိုင်ပါမည်။

မဟိမာဘုန်းတန်ခိုးကို အာရုံသွင်းစိုက်၍ နှစ်ခြိုက်ကြည်နူးစွာ ခေမာရဋ္ဌဗျာဒိတ်ပေး ရုပ်ပွားတော်ကြီးအား အားပါးတရ ဖူးမြော်ပြီး၍ နောက်တစ်နေ့တွင် သမိုင်းဝင် နောင်တုံရေကန်ကို လေ့လာခဲ့ကြ၏။ ဤတွင် အတွေးတစ်ခု ဝင်ရောက်လာ၏။ ကျိုင်းတုံမြို့ နောင်တုံရေကန်ဟူသော အမည်နာမများနှင့်စပ်လျဉ်း၍ "ကျိုင်းတုံ၊ နောင်တုံ၊ တုံနှစ်တုံ၊ ဘယ်ပုံဖြစ်ပေါ်လာသနည်း"ဟု ကျည်းကန်ရှင်ကြီး နန္ဒဓဇသာရှိလျှင် 'ဉုံကာရန်' ဖွဲ့သီလေမည်လား၊ တစ်ဖန် "ကျိုင်းတုံ နောင်တုံ၊ တုံနှစ်တုံ၊ တုံသည်တုံးမှ လာသတည်း"ဟု ကျီးသဲလေးထပ်ဆရာတော်က ပြန်လည် ဖြေကြားတော်မူလေမည်လား စသည့်အတွေးများ ဖြစ်ပါသည်။

ရတနာစည်ဆရာတော် (ဆွိုင်လင်)

တုံသည် တုံးမှဆင်းသက်လာသော ရှမ်းဘာသာစကားဖြစ်၏။ တုံး၏ အဓိပ္ပာယ်မှာ ခံယူသည်၊ ခံထားသည်ဟုဖြစ်၏။ ဘိုးဘေးဘီဘင် အစဉ်အဆက်ပြောဆိုရိုးစကားရှိခဲ့သည်မှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ မြတ်စွာဘုရားနှင့် ရဟန္တာ အရှင်မြတ်များအား ဆွမ်းဆက်ကပ်ရန် ဆွမ်းဆန်တော်ရေဆေးရာမှ ထိုရေသည် ယခု နောင်တုံရေကန်ရှိရာအထိ စီးဆင်းခဲ့ပြီး နောင်အခါဝယ် ရေပြင်ကျယ် ဖြစ်လာသည်ဟူ၏။ ထို့ကြောင့် ဆွမ်းဆန်ဆေးရေ ခံယူထားသော "တုံး"မှ ကာလရွေ့လျော့လာသောအခါ "တုံ"ဟု ဖြစ်လာပြီး ရေပြင်ကျယ်ကို ရှမ်းဘာသာဖြင့် "နောင်"ဟုခေါ်ရကား "နောင်တုံ" "ဆွမ်းဆန်ဆေးရေ ခံယူသော ရေပြင်ကျယ်"ဟု မြန်မာဘာသာ အဓိပ္ပာယ်ရရှိပါသည်။

တစ်ဖန် "ကျိုင်း"မှာ မြန်မာဘာသာအားဖြင့် "ထမင်းအိုးတည်သော ဖိုခုံလောက်(ဖိုခနောက်)"ဖြစ်ရာ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်များအား ဆက်ကပ်ဖို့အတွက် ဆွမ်းချက်သည့် ဖိုခုံလောက်(ဖိုခနောက်) ရှိရာမြေကို "ကျိုင်း"ဟုခေါ်တွင်ရာမှ နောင်တွင် ထိုဖိုခုံလောက်(ဖိုခနောက်)ကလည်း ဆွမ်းဆန်နှင့် ရေထည့်ထားသည့် ထမင်းအိုးကို ခံထားသောသဘောအသွင်ဆောင်နေသဖြင့် "ကျိုင်းတုံ"ဟု နှစ်လုံးတွဲ မြို့အမည်ဖြစ်ပေါ်လာပါသည်။ ဤကား ဤအရှင်တို့ လေ့လာမိသမျှ နောင်တုံရေကန်အမည်နှင့် ကျိုင်းတုံမြို့အမည် ဗျုပ္ပတ်ဖြစ်ပါသည်။

သို့ဆိုလျှင် ကျိုင်းတုံသည် ဖိုခုံလောက်(ဖိုခနောက်)မြို့ဖြစ်၍ ဘာသာရေးအရ ဘုရား၊ တရား၊ သံဃာဟူသော ဖိုခုံလောက်ဆိုင် မဏ္ဍိုင်သုံးရပ် မတ်မတ်မားမား တည်ပွားလျက်ရှိသလို အမျိုးသားရေးအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဖိုခုံလောက်ဆိုင် မဏ္ဍိုင်သုံးရပ် မတ်မတ်မားမား တည်ပွားလျက်ရှိသော တိုင်းမြို့တော်ကြီးအဖြစ် မြင်တွေ့ရပါသည်ဟု ဆိုရပါမည်။

မြန်မာ့သမိုင်း၊ မြန်မာ့ရေခံ၊ မြေခံ၊ မြန်မာ့အစဉ်အလာ၊ မြန်မာ့အရည်အသွေးတို့နှင့် သင့်တင့်လျောက်ပတ်စွာ ဂလိုဘယ်လိုက်ဇေးရှင်းကို ဖြတ်သန်းမည့် တစ်ကြောင်းတည်းသော ခြေလှမ်းများဟု ဆိုအပ်သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အူကြောင်းပေးကာ တစ်ဆင့်ပြီးတစ်ဆင့် ဖောက်လုပ်လျှောက်လှမ်းလျက်ရှိ။

နောင်တုံရေကန်ကလည်း အမျိုးသားရေးအရ ဒို့တာဝန်အရေးသုံးပါးကို တစ်သားတည်းခံယူထားသော အသွင်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ တစ်ရာကျော်အကြား ရေကိုသား၍ ကြားမထင်သောအသွင် တွေ့မြင်ရပါသည်။

သို့ဖြင့် ကျိုင်းတုံမြို့၌ အခြားလေ့လာဖွယ်ရာများကို လေ့လာပြီးနောက် ရက်ပိုင်းအတွင်းမှာပင် ကျိုင်းတုံမှ တာချီလိတ်မြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ကြပါသည်။

ကျိုင်းတုံမှ ၁၀၂မိုင်ဝေးသော တာချီလိတ်မြို့သို့ သုံးနာရီကျော်မျှဖြင့် ရောက်ရှိလောက်အောင် ပြည်ထောင်စုလမ်းမကြီးက ချောမွေ့ကောင်းမွန်လျက်ရှိ၏။

ယနေ့တပ်မတော်အစိုးရ မတက်ရောက်မီ ဟိုအချိန်ကာလများတုန်းကမူ ဤခရီးသည် ညအိပ်ခရီးဖြစ်ခဲ့၏။ အကယ်၍ လမ်းပြိုမှုကြုံရလျှင် သုံးလေးညခရီးဖြစ်ခဲ့၏။ ထိုစဉ်ကတည်းက ထိုအကြောင်းအရာတွေကို ကြားထားခဲ့ရဖူးသဖြင့် ယခု ကိုယ်တိုင်ဖြတ်သန်းရသည့် ကာလဝယ် အဘယ်ကြောင့် လမ်းပြိုရသနည်းဟု ယာဉ်စီးရင်း ပတ်ဝန်းကျင်ကို လေ့လာကာ အဖြေရှာနေမိ၏။

ကျိုင်းတုံ–တာချီလိတ်လမ်းကြောမှာ တစ်ဖက်၌ ချောက်ရိုးရှိ၍ တစ်ဖက်၌ တောင်စွယ် တောင်ကြောရှိနေသဖြင့် အချို့တောင်ကြောများသည် နုန်းသဲတောင်ကြောဖြစ်နေရာ မိုးများလွန်းသည့်အချိန်၊ ရက်ဆက်မိုးရွာသွန်းသည့်အချိန်များဝယ် နုန်းသဲများပြိုဆင်းလာပြီး ပေပေါင်းများစွာ လမ်းပိတ်သွားနိုင်ခြင်း၊ မိုးများရွာသွန်းလွန်းသည့်ကာလမျိုးဝယ် တောင်ကျရေဒလဟောထိုးဆင်းလာသလို ချောင်းရေကလည်း အရှိန်ပြင်းပြင်း စီးဆင်းလေ့ရှိသဖြင့် ပစောက်ကွေ့လို လမ်းကြော၌ ပစောက်ဗိုက်အတွင်း ချောင်းရေတိုးဖော့ထိုးဆင်းလျှင် ယင်းလမ်းကြော ပြိုကျနိုင်ခြင်းစသည်များ ဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရပါသည်။

ယနေ့ကာလတွင်သော် တပ်မတော်အစိုးရ၏ ကြီးမားကျယ်ပြန့်သော စေတနာကြောင့် ပထမဦးစွာ လမ်းကြောင်းတစ်ခုလုံးကို ခြောက်လမ်းသွားလမ်းမကြီးအဖြစ် စက်ယန္တရားများ လှိုင်လှိုင်သုံး၍ လမ်းကျယ်အောင်ချဲ့ပြီး နုန်းသဲတောင်များရှိလျှင် လမ်းပေါ်ပြိုမကျအောင် တောင်နံရံကို လှေကားထစ်ပုံစံ စက်ယန္တရားများဖြင့် ပုံဖော်ထားခြင်း၊ ပစောက်ကွေ့လို နေရာမျိုးဝယ် ချောင်းရေ မတိုးနိုင်လောက်အောင် ကျောက်နံရံခံထားခြင်း စသည့် အခြေခံတည်ဆောက်မှုများနှင့်တကွ ကုန်တင်ယာဉ်ကြီးများ၏ ဖိအားကြောင့် အချိုင့်၊ အခွက်၊ အဖု၊ အထစ် မဖြစ်ရလေအောင် စံချိန်စံညွှန်းမီ အကောင်းဆုံး လမ်းမကြီးအဖြစ် တည်ဆောက်ဖောက်လုပ်ပေးထားရကာ ခရီးသွားအားလုံး တပြုံးပြုံးလန်းဆန်း လူမပန်းအချိန်မကုန်သည့်ခရီး ဖြစ်လာနေလေပြီ။

တာချီလိတ်အဝင်တွင် လှမ်းမြင်နေရသည့် လေဆိပ်အဆောက်အအုံက မြန်မာမှုဖြင့် ခံ့ညားထည်ဝါနေ၏။ တစ်ချိန်က တောမြို့သာသာ ခပ်ဝပ်ဝပ်တည်ရှိခဲ့သော တာချီလိတ်သည် ခရစ်နှစ် ၂၀၀၀ဝန်းကျင်မှစ၍ မြို့ပြရပ်ဝန်းသို့ တိုးဝင်နိုင်ခဲ့၏။ မျက်နှာချင်းဆိုင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့် အပြိုင် ဖွံ့ဖြိုးတိုးတက်မှုခရီးကို နှင်လျက်ရှိနေလေပြီ။

တပ်မတော်အစိုးရ ဦးဆောင်ထားအပ်သော ရွှေတိဂုံပုံတူ ရွှေစေတီတော်၏ဘုန်းတန်ခိုးအရိပ်အာဝါသအောက်ဝယ် တာချီလိတ်မြို့သူ၊ မြို့သားတို့သည် ဘုရားမမေ့ တရားမမွေ့ရင်း ထွေးပွေ့ထားရမည့် မြန်မာ့ယဉ်ကျေးမှုကို ဂရုတစိုက် တမြတ်တနိုး တန်ဖိုးထားလျက်သာ ရှိကြကုန်၏။

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ဘက်မှဝင်လာလျှင် ထင်သာမြင်သာသော နေရာ၌ ဘုရင့်နောင်ရုပ်တုကိုထုလုပ်ထားရှိပြီး ပန်းဥယျာဉ်သဖွယ်တည်ဆောက်ထားရာ မြို့ခံတို့စကားအရ ထိုင်းနိုင်ငံ နေ့ကြီးရက်ကြီးများတွင် ထိုင်းတို့ မြန်မာဘက်သို့လာရောက်ကြပြီး ဘုရင့်နောင်ရုပ်တုအား ဂါရဝပြုကြကြောင်း သိရှိရ၏။

နောင်ရိုးတိုက်ပွဲ၏ နောင်ရိုးစိတ်ဓာတ် ပိုင်ရှင် ဘုရင့်နောင်မင်းတြားတည်ထောင်ခဲ့သည့် ဒုတိယမြန်မာနိုင်ငံတော်ကြီးသည် မင်းတြားကြီး မျက်ကွက်ကာလတွင်မူ အချိန်တိုလေး အတွင်းမှာ အမြွာမြွာအစိတ်စိတ်ဖြစ်ခဲ့ရပုံတို့ကိုပါ မြင်ယောင်လာမိ၏။

တာချီလိတ်မြို့ ဘုရင့်နောင်ပန်းခြံအတွင်း ဘုရင့်နောင်ရုပ်တုရှေ့ဝယ် အတိတ်သို့ တဒင်္ဂပျံ့လွင့်သွားသော အတွေးစိတ်သည် ချက်ချင်းပင် ပစ္စုပ္ပန်တည့်တည့် ပြန်လည်ရောက်ရှိလာ၏။ ယနေ့မြန်မာနိုင်ငံဆီ ယနေ့တပ်မတော်အစိုးရလက်ထက်ဆီ။

၁၉၈၈ခုနှစ်၏ သည်မှာဘက်ဝယ် မြန်မာနိုင်ငံသည် အမှန်ပင်တည်ငြိမ်အေးချမ်းလာ၏။ ဖွံ့ဖြိုးတိုးတက်လာ၏။ ပကတိမျက်စိနှစ်လုံးရှိသူတိုင်း မြင်တွေ့သိရှိနိုင်သလို ပကတိနားနှစ်ဖက်ရှိသူတိုင်း ကြားသိနိုင်လျက်ရှိ၏။ သည်အနေအထားသို့ရောက်အောင် ယနေ့ တပ်မတော်အစိုးရသည် အဘယ်မျှ လူပန်း စိတ်ပန်းခံကာ ထမ်းတင်ခဲ့ရပါသနည်း၊ နေ့မအားညမနား ကြိုးစားမြှင့်တင်ခဲ့ရပါသနည်း။

ပကတိမျက်လုံးအထက် ဉာဏ်မျက်လုံးပွင့်နေသူများ၊ ပကတိနားအထက် ဉာဏ်နားစွင့်နေသူများကတော့ အလုံးစုံ၊ ဥသုံ၊ ခြုံငုံမြင်ကြားနေကြကုန်၏။ ထို့ကြောင့်ပင် ယနေ့တပ်မတော်အစိုးရနည်းတူ ဖြစ်ပေါ်တိုးတက်မှုဟူသမျှကို ပြန်အကျမခံနိုင်၊ ပြန်အဆုတ်ယုတ်မခံနိုင်ကြပြီ။

သို့ဖြစ်လေရာ မြန်မာ့သမိုင်း၊ မြန်မာ့ရေခံ၊ မြေခံ၊ မြန်မာ့အစဉ်အလာ၊ မြန်မာ့အရည်အသွေးတို့နှင့် သင့်တင့်လျောက်ပတ်စွာ ဂလိုဘယ်လိုက်ဇေးရှင်းကို ဖြတ်သန်းမည့် တစ်ကြောင်းတည်းသော ခြေလှမ်းများဟု ဆိုအပ်သည့် "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်"ကို အူကြောင်းပေးကာ တစ်ဆင့်ပြီးတစ်ဆင့် ဖောက်လုပ်လျှောက်လှမ်းလျက်ရှိသည်မှာ ယနေ့သော် အဆင့်သုံးအထိ ပေါက်ရောက်နေလေပြီ။

ယင်းမူဝါဒလမ်းစဉ် (၇)ရပ် သတ္တမအဆင့်၏ ဟိုမှာဘက်ရောက်သောကာလသည် ဘုရင့်နောင်မင်းတြား၏ မျက်ကွယ်ခေတ်၊ တစ်တောတစ်ကြက်ဖတွန်သောခေတ်၊ ကွဲပြားခြားနားခြင်းကြောင့် အောက်သို့စုန်ဆင်း ခေတ်ကို အမြစ်ပါဆွဲနုတ်နိုင်သည့်ကာလ ဖြစ်ပေတော့မည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး အတွေးအမြင်ကျယ်ပြန့်စွာ စိတ်သဘောထားကြီးမားစွာ နားလည်မှုမှန်ကန်စွာဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရန် အားသန်မာန်ထား ဘယ်မနားကြိုးစားလျှောက်လှမ်းနိုင်ကြစေသော်ဝ်ဟု တာချီလိတ်မြို့ ဘုရင့်နောင်ပန်းခြံတွင်းမှာ စိတ်ရင်းစေတနာအရ ပတ္ထနာဆန္ဒပြုမိလျက်ရှိတော့၏။ ။

ရုပ်ရှင်အနုပညာ၌ ကြိုးကြိုးစားစား သရုပ်ဆောင်ခဲ့သဖြင့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ငါးဆု ထိုက်ထိုက်တန်တန် ရရှိခဲ့သော အကယ်ဒမီ ရန်အောင်အား နေအိမ်၌အကယ်ဒမီ ရွှေစင်ရုပ်တုများ နှင့် အတူ ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ငါးထပ်ကွမ်း အကယ်ဒမီရန်အောင်၏ အကယ်ဒမီ ကြိုတင်ရင်ခုန်သံ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၃၁

ပရိသတ်တွေ မျှော်လင့်ရင်ခုန်နေကြတဲ့ ၂၀၀၆ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲကို မကြာမီမှာ ကျင်းပပါတော့မည်။ ပရိသတ်တွေ ထင်ကြေးပေးနေကြတဲ့ ပြည်သူ့အချစ်တော် ရုပ်ရှင်အနုပညာရှင်တွေထဲက ဘယ်သူတွေ အကယ်ဒမီဆုရရှိသွားကြမလဲ ဆိုတာကလည်း ကြိုတင်ခန့်မှန်းတွက်ချက်ရခက်ခဲတဲ့ ပဟေဠိတစ်ပုဒ်လို ဖြစ်နေပါတယ်။

ရုပ်ရှင်အနုပညာရှင် တစ်ဦးအနေနဲ့ အကယ်ဒမီဆု ရရှိဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။ ရုပ်ရှင်အနုပညာရှင်တို့ရဲ့ ကြိုးစားအားထုတ်မှုနဲ့ ရုပ်ရှင်အနုပညာအရည်အသွေးတွေကို ပီပီပြင်ပြင် ပြသနိုင်ရမယ့်အပြင် ကုသိုလ်ကံလည်း လိုအပ်ပါတယ်။ ဒီလိုခက်ခဲတဲ့ အကယ်ဒမီဆုကို ငါးဆုအထိရရှိခဲ့တဲ့ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ရန်အောင်နဲ့ မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

အကယ်ဒမီရန်အောင်ကို အကယ်ဒမီဆုနဲ့ပတ်သက်ပြီး မေးမြန်းတဲ့အခါ **"ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအတွက် အကယ်ဒမီဆုဆိုတာ မျှော်လင့်တတ်ကြတာချည်းပါပဲ။ အကယ်ဒမီဆုပေးချိန်ရောက်ရင် ရုပ်ရှင်အနုပညာရှင်တွေဟာ ဒီဆုအတွက် ရင်ခုန်နေတတ်ကြပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ရင်ခုန်နေတာပါပဲ။ အကယ်ဒမီဆုပေးမယ့်အချိန်ဆိုရင် ကိုယ်ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ပါရင် ပိုပြီးတော့ မျှော်လင့်တတ်တာပေါ့။ ကျွန်တော့်အနေနဲ့ အကယ်ဒမီရအောင် သရုပ်ဆောင်မယ်ဆိုပြီး ကြိုးစားခဲ့တာ မဟုတ်ပေမယ့် ရုပ်ရှင်ဇာတ်ကားတိုင်း အားထည့် သရုပ်ဆောင်ခဲ့တာပါပဲ"**လို့ အကယ်ဒမီ ရန်အောင်က ဖြေကြားပါတယ်။

မကြာမီမှာ ကျင်းပတော့မယ့် ၂၀၀၆ခုနှစ် အကယ်ဒမီဆုပေးပွဲမှာ အကယ်ဒမီ ရန်အောင်ရဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဘယ်နှကား ပါဝင်သလဲလို့ မေးတဲ့အခါ **"ကျွန်တော်ပါဝင် သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ကား ငါးကား ရှိပါတယ်။ အဲဒီ ဇာတ်ကားတွေကတော့ ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ၊ မျှော်လင့်ခြင်းများစွာ၊ တောင်သမန်သစ္စာ၊ မော်ဒန်**

ကျွန်တော် အကယ်ဒမီ ငါးဆုရချိန်မှာ လက်ငါးချောင်း တစ်ဖက်ပြည့်ပြီလို့ ပြောခဲ့ပါတယ်။ အခုနောက်ထပ် လက်တစ်ဖက်ပြည့်အောင် အကယ်ဒမီဆုတွေရရှိဖို့ ကြိုးစားသွားမှာပါ

အချစ်များ နဲ့ ရွှေမိုးသည်း"တို့ ဖြစ်ပါတယ်လို့ အကယ်ဒမီ ရန်အောင်က ပြောပြပါတယ်။

အဲဒီရုပ်ရှင်ဇာတ်ကားတွေထဲမှာ သရုပ်ဆောင်မှုအားရတဲ့ ရုပ်ရှင်တွေနဲ့ ပတ်သက်ပြီးတော့လည်း **ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ**နဲ့ **မျှော်လင့်ခြင်းများစွာ** ရုပ်ရှင်ဇာတ်ကားတွေမှာ သရုပ်ဆောင်ခဲ့တာ အားရတယ်လို့ ဆိုပါတယ်။ **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ** ရုပ်ရှင်ဇာတ်ကားဟာ ဆရာ တပည့်တို့ရဲ့ ဖြူစင်တဲ့မေတ္တာဘွဲ့ ဇာတ်လမ်းဖြစ်ပြီး ထွန်းအိန္ဒြာဗို၊ သက်မွန်မြင့်တို့နဲ့အတူ အကယ်ဒမီရန်အောင်က ကထိက တစ်ဦးအဖြစ် သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

မျှော်လင့်ခြင်းများစွာ ရုပ်ရှင်ကတော့ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတဲ့ ဖခင်ဆရာဝန်တစ်ဦးအနေနဲ့ အကယ်ဒမီ ကိုရန်အောင်က သရုပ်ဆောင်ထားတာဖြစ်ပါတယ်။

"အကယ်ဒမီ ဆိုတာ ရုပ်ရှင် အနုပညာ ရှင်တိုင်း မျှော်လင့် တတ်ကြတာပါ"

အကယ်ဒမီ ရန်အောင်

ဘဝမှာ အကယ်ဒမီဆု ဘယ်လောက်အထိ မျှော်မှန်းထားသလဲဆိုတဲ့ မေးခွန်းကိုတော့ **"ကျွန်တော် အကယ်ဒမီငါးဆုရချိန်မှာ လက်ငါးချောင်း တစ်ဖက်ပြည့်ပြီလို့ ပြောခဲ့ပါတယ်။ အခုနောက်ထပ် လက်တစ်ဖက်ပြည့်အောင် အကယ်ဒမီဆုတွေရရှိဖို့ ကြိုးစားသွားမှာပါ"**လို့ အကယ်ဒမီ ရန်အောင်က ရယ်ရယ်မောမောနဲ့ ဖြေကြားသွားပါတယ်။

အကယ်ဒမီရန်အောင်ဟာ ရုပ်ရှင်လောကကို ၁၉၈၅-၈၆ခုနှစ်က စတင် ဝင်ရောက်ခဲ့သူဖြစ်ပြီး ပထမဆုံး သရုပ်ဆောင်အဖြစ်ရိုက်ကူးခဲ့တဲ့ ဇာတ်ကားကတော့ **ချစ်ခြင်းတူရင် မောင်မောင်တို့အရှုံးပေးလိုက်မယ်** ဆိုတဲ့ ဇာတ်ကားဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို ဒါရိုက်တာ မျိုးမြင့်အောင်က ရိုက်ကူးခဲ့တာပါ။

ပထမဆုံး အကယ်ဒမီဆုရရှိတဲ့ ဇာတ်ကားကတော့ ၁၉၉၁ ခုနှစ်မှာ **မယ်သီတာလိုမိန်းကလေး** ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ရရှိခဲ့ပါတယ်။ နောက်ထပ်အကယ်ဒမီရရှိခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတွေကတော့ ၁၉၉၅ခုနှစ်မှာ **ပုဂံမှာသာတဲ့လ**၊ ၁၉၉၆ခုနှစ်မှာ **အလင်းဖျော့ကောင်းကင်**၊ ၁၉၉၈ခုနှစ်မှာ **ညမင်းသား**၊ ၂၀၀၀ ပြည့်နှစ် **မောဟမျဉ်းပြိုင်များ** ဇာတ်ကားတွေနဲ့ အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုတွေ ရရှိခဲ့ခြင်း ဖြစ်ပါတယ်။

အကယ်ဒမီရန်အောင်ဟာ ရုပ်ရှင်သရုပ်ဆောင်မှုသက်တမ်း ရလာတာနဲ့အမျှ တဖြည်းဖြည်းနဲ့ သရုပ်ဆောင်မှုအပိုင်းတွေမှာ ကျရာဇာတ်ရုပ်နဲ့ လိုက်ဖက်စွာ သရုပ်ဆောင်နိုင်တဲ့ သရုပ်ဆောင်ကောင်းတစ်ဦးလည်း ဖြစ်ပါတယ်။

အနုပညာအရည်အချင်းတွေရှိနေတဲ့ အကယ်ဒမီရန်အောင်ဟာ သူမျှော်မှန်းသလို အကယ်ဒမီဆုတွေ ရယူနိုင်ဖို့အတွက်လည်း စိတ်အားထက်သန်နေတာတွေ့ရပါတယ်။ ရယ်မောပြုံးရွှင်စွာ မေးသမျှဖြေကြားတဲ့ အကယ်ဒမီရန်အောင် အိမ်ကအပြန်မှာတော့ အမှောင်ထုက စိုးမိုးနေပါပြီ။ ။ **(မြန်မာ့အလင်း)**

ရွှေတောင်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၏ အကြိမ်(၄၀)မြောက် ခုနစ်ရက် အထူးတရားစခန်းပွဲကို တပို့တွဲလဆန်း ၁ရက်မှ ၇ရက် (ဖေဖော်ဝါရီ ၇ရက်မှ ၁၃ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို မန္တလေးတိုင်း မန္တလေးမြို့ ကျွဲဆည်ကန် မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တ ဣန္ဒက (သိမှု၊ ပွားမှု၊ ပယ်မှု) မဟာကမ္မဋ္ဌာနာစရိယက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

သဲအင်းဂူ Website ဝင်ရောက်ကြည့်ရှုနိုင်ပြီ

မူလသဲအင်းဂူ ဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ထေရုပ္ပတ္တိနှင့်တရားတော်များ၊ မူလသဲအင်းဂူ ကျောင်းတိုက်ကြီးနှင့်ပတ်သက်သော မှတ်တမ်းဓာတ်ပုံများ၊ တစ်နေ့တာလုပ်ငန်းများ၊ တရားစခန်းများနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူများ ဝင်ရောက်ကြည့်ရှုနိုင်ကြစေရန်ရည်ရွယ်၍ သဲအင်းဂူ Website ကို လွှင့်တင်လိုက်ပြီဖြစ်ရာ www.theinngu.org မှ ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ (က-ပ)

မြိတ် အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

မြိတ်အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ပထမပတ်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၆ရက်တွင် မြိတ်မြို့ အထက(၁)၌ ကျင်းပသည့် အာစရိယပူဇော်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ရန်ကုန်နှင့်အဝေးရောက် ဆရာကြီး ဆရာမကြီးများသည် ရန်ကုန်မြို့ရှိ မြိတ်အသင်း ဖုန်း-၂၂၄၃၄၀နှင့် ၂၁၂၈၂၄ တို့သို့ ဆက်သွယ်ကြပါရန် ရန်ကုန်မြို့ရှိ မြိတ် အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများက နှိုးဆော်ထားပြီး အာစရိယပူဇော်ပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပညာရေးဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန်ပညာရေးတက္ကသိုလ်၏ ၁၉၆၉-၁၉၇၄ခုနှစ် ပညာရေးဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ တတိယအကြိမ်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပန်းကန်လုံးကျွန်း၌ကျင်းပမည်ဖြစ်၍ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လက်ဆောင်ပစ္စည်းများလဲလှယ်ရန် အစီအစဉ်ပါရှိသဖြင့် ကြိုတင်ယူဆောင်လာရန်နှင့် သိရှိလိုသည်များကို ဦးကျော်သောင်း ဖုန်း-၅၅၂၂၉၇နှင့် ဒေါ်ကြူကြူရွှေ ဖုန်း-၀၉-၅၀၀၂၈၇၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၂ရက်(စနေနေ့) ညနေ ၄နာရီခွဲတွင် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း၊ အမှတ် ၂၉ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များထံ ဖိတ်ကြားစာများကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ပြန်ကြားရေးနှင့် သတင်းနည်းပညာ မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကကြီးမှူး၍ ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (၅/၀၇-၀၈)ကို ဖေဖော်ဝါရီ ၂ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်၊ မင်္ဂလာခန်းမ၌ကျင်းပမည်ဖြစ်ရာ အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်(ဘောဂဗေဒ)က စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုတွင် အများပိုင်ကုမ္ပဏီများနှင့် ငွေကြေးဈေးကွက်များ၏ အရေးကြီးသော အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် မည်သူမဆိုတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၇ ရက်က စုံညီပွဲတော်နှင့် မြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဗဟန်းမြို့နယ် အထက(၂) အားကစားခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (က-ပ)

1-2 (11) 1 2/1/08, 2:15 AM

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကျောက်ခွက်လက်ပံတို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ၂၈ရက်က မကွေးတိုင်း မြိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်လက်ပံတို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေနံမြေရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးအေးဇော်က လက်ရှိရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဘူမိဗေဒအရာရှိချုပ် ဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တွင်းဟောင်းများပြုပြင်ခြင်း၊ တွင်းသစ်များတူးဖော်ခြင်းတို့ကို သတ်မှတ်ကာလများအတွင်း ပြီးစီးရေးနှင့် ရေနံမြေအတွင်း ပိုမိုအလားအလာကောင်းသော နေရာသစ်များတွင် တွင်းသစ်များ ဆက်လက်တူးဖော်ရေးအတွက် ဆောင်ရွက်သွားရမည့် အစီအမံများကို ချမှတ်ပေးပြီး ကျောက်ခွက်ရေနံမြေအတွင်းရှိ တွင်းသစ်အမှတ် ကျောက်ခွက်တောင် အစမ်းတွင်းအမှတ်(၂)၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအခြေအနေနှင့် သဘာဝဓာတ်ငွေ့စမ်းသပ်မီးရှို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဝန်ကြီးသည် တွင်းတူးစက်အမှတ် **National 55/6**ဖြင့် တူးဖော်လျက်ရှိသော တွင်းသစ်အမှတ် ကျောက်ခွက်တောင်အစမ်းတွင်း အမှတ်(၁)တွင်း တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ ကျောက်ခွက်လက်ပံတို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ်ရေနံစည်၈၅ဝခန့်နှင့် သဘာဝဓာတ်ငွေ့ကုဗပေနှစ်သန်းခန့် ထုတ်လုပ်လျက်ရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့်ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၇ရက် မွန်းလွဲပိုင်းက နေပြည်တော်ပျဉ်းမနား သူဌေးကုန်းရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးဘသန်း၏ အသားစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဇီဝလုံခြုံရေးကို အထူးဂရုပြုရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လယ်ဝေး လောပြောင်ခေါင်းကြီးကျေးရွာအုပ်စု မွေးမြူရေးဇုန်(၃)သို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ မွေးမြူရေးဇုန်များ ဖော်ထုတ်ရေးစီမံကိန်း ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက မွေးမြူရေးဇုန်အတွင်း တိရစ္ဆာန်များ မွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နို့စားနွားမွေးမြူရေးသာမက အကျိုးပိုမိုဖြစ်ထွန်းနိုင်မည့် နို့စားကျွဲမွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားရန် မှာကြားပြီး မွေးမြူရေးဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြကာ မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းလွင်၏ ဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး ဝန်ကြီးက ခေတ်မီဝက်သားစပ်နည်းများဖြင့် ဝက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့သွားရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လယ်ဝေး ချမ်းသာကြီးရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်လွင်၏ ဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှု၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့၏ ပေါင်းစည်းမှုဖြင့် ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ မြို့နယ်အတွင်းရှိ အထက(၁)၊ အထက(၃)၊ အထက(၄)၊ အထက(၅)၊ အထက(၆)၊ အထက(၇)၊အလက(၁)နှင့် အလက(၂)တို့တွင် ၁၃၆၉ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများကျင်းပရာ စာရေးဆရာ၊ ဆရာမများဖြစ် ကြသည့် တက္ကသိုလ်သိခ်၊ ဟိန်းလတ်၊ တက္ကသိုလ်စိုးယဉ်၊ ရှေ့ဆောင်တင်ဆွေ၊ ကိုရဲဇော်၊ တက္ကသိုလ်အေးမြစန္ဒာ၊ ဟန်စုယဉ်၊ ရေဦးမြင့်မောင်၊ ရဲဘော်ကျော်ဆန်း၊ မေလှကျော် **(အောက်ပုံ)၊** ရူပါသိမ်း၊ မယဉ်ကျေး(မြန်မာ)နှင့် ငယ်လေးမောင် (သပြေရုံ) တို့ အသီးသီး ဟောပြောခဲ့ကြသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၂၁ ရက်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ကျော်မြင့်ထံ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင် (၃)သုံးထပ်ဆောင် ဆောက်လုပ်ရေးအတွက် မန္တလေးမြို့နေ ဒေါ်ခင်စုနှင့်သားသမီး၊ မြေးမြစ်မိသားစုက ငွေကျပ်သိန်း၁၇၅၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဆွဲကြိုးဖြတ်ပြေးသူအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းပြီး ဝိုင်းဝန်းဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းအတွင်း ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ရက်တွင် ဆွဲကြိုးဖြတ်ပြေးသူ တရားခံအား ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့က ဝိုင်းဝန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြတ်ပြေး

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၂၈ရက် ညနေ ၅နာရီကျော်ခန့်တွင် မစပါယ် ၂၆လမ်း(၂)ရပ်ကွက် ပန်းဘဲတန်းမြို့နယ်နေသူသည် ၂၆လမ်းဈေး၌ ဈေးဝယ်ပြီး နေအိမ်သို့ ပြန်လာစဉ် နေအိမ်တိုက်လှေကား ဒုတိယထပ်အရောက် မစပါယ်၏ လည်ပင်းတွင် ဆွဲထားသော အလေးချိန် နှစ်ကျပ်သား ရွှေဆွဲကြိုး တစ်ကုံးကို လူတစ်ဦးက ဖြတ်၍ ထွက်ပြေးသွားသဖြင့် မစပါယ်က အော်ဟစ်အကူအညီတောင်းခဲ့ရာ အနီးပတ်ဝန်းကျင်ရှိ လူများက ပြစ်မှုကျူးလွန်သူနောက် လိုက်လံဖမ်းဆီးခဲ့ရာ ၂၆လမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်တွင် ဆွဲကြိုးဖြတ်ပြေးသူအား ဖမ်းဆီးရမိခဲ့သည်။ ဆွဲကြိုးဖြတ်ပြေးသူမှာ ထွန်းနိုင်ဝင်း အသက်(၃၃နှစ်) (ဘ)ဦးချစ်စံ အမှတ် ၁၁၆၈ ရသာဝတီ ၁၆လမ်း ၁၃ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေသူ ဖြစ်ပြီး ပန်းဘဲတန်း ရဲစခန်းမှ (ပ) ၄၅/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိသည်။

အလားတူ

အလားတူ ဇန်နဝါရီ ၂၈ရက် ညနေ ၆နာရီကျော်ခန့်တွင် မနီနီအေး အသက်(၂၆)နှစ် သုမာလာ ၂လမ်း (၂)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူသည် လသာမြို့နယ် အနော်ရထာလမ်းအတိုင်း လမ်းလျှောက်လာစဉ် စဉ့်အိုးတန်းလမ်းထိပ်အရောက် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသူ လူငယ်တစ်ဦးက မနီနီအေး၏ လည်ပင်းတွင် ဆွဲထားသော အလေးချိန် ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးကို ဖြတ်ယူထွက်ပြေးသွားသဖြင့် အော်ဟစ် အကူအညီတောင်းခံခဲ့ရာ လသာရဲစခန်းမှ ဒုရဲအုပ် ဇော်မင်းကြူနှင့် တပ်ဖွဲ့ဝင်များသည် အနီးရှိ ပြည်သူလူထုနှင့် ပူးပေါင်းပြီး ဝိုင်းဝန်းဖမ်းဆီးရာ ၂၂လမ်းထိပ်အရောက်တွင် ဆွဲကြိုးဖြတ်ပြေးသူအား ဖမ်းဆီးရမိသည်။ ဆွဲကြိုးဖြတ်ပြေးသူမှာ မျိုးကျော် အသက်(၂၁နှစ်) ကျပန်း (ဘ)ဦးမောင်မောင် အမှတ် ၁၀၂၇ ရာဇသင်္ကြန် ၇လမ်း ဗိုလ်ရန်ပြေရပ်ကွက် ဒလမြို့နယ်ဖြစ်ပြီး လသာရဲစခန်းမှ (ပ)၅၃/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုတစွယ်စုံစာပေဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ တစ်သက်တာစာပေဆု ဦးမျိုးသန့်(မောင်ဆုရှင်)ရရှိ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် SWESONE MEDIA GROUP၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် တတိယအကြိမ် သုတစွယ်စုံစာပေဆု ရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ဇန်နဝါရီ၂၉ရက်က ထုတ်ပြန်ကြေညာသည်။

စာပေဆုရရှိသူများ

တတိယအကြိမ် သုတစွယ်စုံစာပေဆု ရရှိသူများမှာ ဝိဇ္ဇာဘာသာရပ်အတွက် စစ်မီးမငြိမ်း မြက်မစိမ်းနိုင်သည့်မြေ စာအုပ်ဖြင့် ဒေါက်တာမတင်ဝင်း၊ စာပဒေသာဘာသာရပ်အတွက် သေတစ်နေ့မွေးတစ်နေ့စာအုပ်ဖြင့် နောင်စစ်သည်၊ ဘာသာပြန်စာပေဘာသာရပ်အတွက် အကြွင်းမဲ့ခေါင်းဆောင်မှု သဘောတရားစာအုပ်ဖြင့် မောင်မြင့်ကြွယ်၊ လူမှုစီးပွားဘာသာရပ်အတွက် ဂလိုဘယ်လိုက်ဇေးရှင်း ငွေကြေးဈေးကွက်အတွေးအမြင် စာအုပ်ဖြင့် ခင်မောင်ညို (ဘောဂဗေဒ)၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် အရှေ့တောင်အာရှ အနုသုခုမလက်ရာများ အဘိဓာန်စာအုပ်ဖြင့် တောင်ခိုး၊ လူငယ်စာပေဘာသာရပ်အတွက် ပညာမတတ်သော ပညာရှိ၊ ပညာမရှိသော ပညာတတ်စာအုပ်ဖြင့် နေဇင်လတ်၊ နိုင်ငံတကာရေးရာဘာသာရပ်အတွက် ကမ္ဘာ့စစ်မှုရေးရာ အပိုင်းအစများစာအုပ်ဖြင့် ရဲရင့်တင့်ဆွေ၊ သိပ္ပံဘာသာရပ်အတွက် အနုစိတ်သိသမျှ ရုပ်လောကစာအုပ်ဖြင့် ဘိုးလှိုင်၊ အသုံးချသိပ္ပံဘာသာရပ်အတွက် သဘာဝမှရသော ကျန်းမာသုခစာအုပ်ဖြင့် ဒေါက်တာခင်မောင်လွင် (FAME) နှင့် သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် ဦးမျိုးသန့်(ဆရာမောင်ဆုရှင်)တို့ ဖြစ်သည်။

ပိုမိုတိုးမြှင့်ချီးမြှင့်

ယခုတတိယအကြိမ် သုတစွယ်စုံစာပေဆုများကို ၂၀၀၆ခုနှစ်အတွင်း ထုတ်ဝေခဲ့သောစာအုပ်များမှ အခြေခံကာ ရွေးချယ်ခြင်းဖြစ်ပြီး ပထမအကြိမ်တွင် ဆုငါးမျိုး၊ ဒုတိယအကြိမ်တွင် ဆုခုနစ်မျိုးချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် လူငယ်စာပေ၊ လူမှုစီးပွားနှင့် နိုင်ငံတကာရေးရာ ဘာသာရပ်များကို တိုးမြှင့်၍ ဆု ၁၀ဆုအထိ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆုပေးပွဲတွင် ဆုငွေများကိုလည်း ယခင်နှစ်များကထက် ပိုမိုတိုးမြှင့်ချီးမြှင့်မည်ဖြစ်ရာ သုတစွယ်စုံ တစ်သက်တာစာပေဆုကို ငွေကျပ်ငါးသိန်းအထိ တိုးမြှင့်ချီးမြှင့်မည်ဖြစ်ပြီး ယခင်နှစ်များက ယင်းဆုကို ဆရာသိပ္ပံမှူးတင်နှင့် ဆရာပါရဂူတို့ ရရှိခဲ့ပြီးဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ယခုနှစ်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအနေဖြင့် ဆုချီးမြှင့်မည့်ရက်နှင့် နေရာကို ဖုန်း-၂၅၂၄၁၇နှင့် ၃၇၄၄၀၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည်ညိုဂုဏ်ယူဝမ်းမြောက်မိပါသည်အရှင်ဘုရား

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အုပ်ချုပ်ရေးမှူး ဆရာတော် အရှင်မဟောသဓပဏ္ဍိတအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပါမောက္ခချုပ် လက်ထောက်ဆရာတော် ဒေါက်တာအရှင်ဩသဓသောရအား အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ပါမောက္ခ၊ နိုင်ငံခြားရေးရာဌာနမှူး၊ သီတဂူသာသနာပြု ဗိမာန်တာဝန်ခံ ဒေါက်တာအရှင်စန္ဒာသီရိနှင့် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)တို့အား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ အသီးသီးဆက်ကပ်ခြင်းခံရသည်ကို သိရှိရပါသဖြင့် ကြည်ညိုဂုဏ်ယူဝမ်းမြောက်မိပါသည် အရှင်ဘုရား။

အဘွားဒေါ်ကြည်(ခ)ဒေါ်စောကြည်မိသားစု၊ ၄၆ လမ်း၊ ရန်ကုန်မြို့၊
မယ်တော်ကြီး ဒေါ်သန်းသန်းလှမိသားစု၊ လမ်း ၅၀၊ ရန်ကုန်မြို့၊
ဦးအောင်သူ-ဒေါ်မြတ်အေးကြူ(ခ)ဒေါ်မွေးချို၊ သမီးမချောစုလှိုင်၊ မခိုင်မြတ်ဖြူမိသားစု၊ အလုံ၊ ရန်ကုန်မြို့။

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

တရုတ်၌ မကြုံစဖူး နှင်းများသိပ်သည်းစွာကျရောက် ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးသူ ၄၀ ရှိနေပြီ

ပေကျင်း ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံ ပြည်နယ် ၁၄ ခုတွင် ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ဆက်လက်ကျဆင်းလျက်ရှိရာ ခရီးသွားလာရေးများ ပြတ်တောက်လျက်ရှိပြီး အချို့မီးရထားခရီးစဉ်များ ရပ်ဆိုင်းထားရသည်။

သောင်တင်

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျင်းပြည်နယ်တွင် နှင်းများဆိုးရွားစွာကျဆင်းနေမှုကြောင့် ရထားသွားလာမှု ရပ်ဆိုင်းထားရသဖြင့် ခရီးသည်ထောင်ပေါင်းများစွာ ဘူတာရုံများ၌ သောင်တင်လျက်ရှိသည်။

ဇန်နဝါရီ ၃၁ ရက်အထိ အအေးဓာတ်လွန်ကဲပြီး ဆီးနှင်းများ အဆက်မပြတ်ကျဆင်းနေမှုကြောင့် သေဆုံးသူ ၄၀ ကျော်သွားပြီဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံအလယ်ပိုင်းဒေသများတွင် ဇန်နဝါရီ ၃၁ ရက်က နှင်းမုန်တိုင်းများ ပြင်းထန်စွာတိုက်ခတ်နေသဖြင့် အဝေးပြေး ကားလမ်းမကြီးများ သွားလာမှု ယာယီပိတ်ထားရသည်။ (အောက်ပုံ)

ကူညီစောင့်ရှောက်ထား

တရုတ်နိုင်ငံ ဟန်ကျိုးမြို့ ဘူတာရုံ၌ ခရီးသည်ထောင်ပေါင်းများစွာ သောင်တင်လျက်ရှိပြီး ရာသီဥတုဆိုးရွားမှုဒဏ် ခံစားနေရသဖြင့် ကျန်းမာရေးဝန်ထမ်းအဖွဲ့များစေလွှတ်ကာကူညီစောင့်ရှောက်ပေးထားရကြောင်း ဟန်ကျိုးမြို့အရာရှိများက ပြောကြားသည်။

အင်္ဂလန်အသင်းလူစာရင်းထုတ်ပြန် ဒေးဗစ်ဘက်ဟမ်းနှင့် ဂျွန်တယ်ရီချန်လှပ်ခံရ

လန်ဒန် ဇန်နဝါရီ ၃၁

ဖေဖော်ဝါရီ ၆ရက်၌ ဆွစ်ဇာလန်အသင်းနှင့် ချစ်ကြည်ရေးပွဲကစားမည့် အင်္ဂလန်အသင်း၌ အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်းကို နည်းပြ ကာပယ်လိုက ချန်လှပ်ထားခဲ့သည်။

ထို့အတူ နည်းပြ မကလာရင်လက်ထက်ကအသင်း ခေါင်းဆောင်အဖြစ် တာဝန်ပေးခဲ့သူ ဂျွန်တယ်ရီကိုလည်း အင်္ဂလန်အသင်း လူစာရင်း၌ ချန်လှပ်ထားခဲ့သည်။ ဒေးဗစ်ဘက်ဟမ်းမှာ ကြံ့ခိုင်မှု မပြည့်ဝကြောင်းနှင့် ဂျွန်တယ်ရီမှာ ခြေထောက်ဒဏ်ရာ ရရှိနေခြင်းဖြစ်ကြောင်း ကာပယ်လိုက ပြောကြားသည်။

ဆွစ်ဇာလန်နှင့်ချစ်ကြည်ရေးပွဲကစားမည့် အင်္ဂလန်အသင်း၏ ပဏာမ ရွေးချယ်ထားသော ဘောလုံးသမားများမှာ-

ဂိုး - ဒေးဗစ်ဂျိမ်း၊ စကော့ကာဆင်၊ ခရစ်ကက်လန်၊

နောက်တန်း-ဝိန်းဘရစ်(ချယ်လ်ဆီး)၊ အက်ရှလေကိုး(ချယ်လ်ဆီး) ဒေးပစ်(ဝက်စ်ဘရွန်း)၊ ဖာဒီနန်(မန်ယူ)၊ ဂျွန်ဆင်(ပို့စ်မောက်)၊ ကင်း(စပါး)၊ ရှူလေး(ရက်ဒင်း)၊ ဝက်စ်ဘရောင်း(မန်ယူ)၊ လက်စ်ကော့(အဲဗာတန်)၊ ရစ်ချက်စ်(မန်စီးတီး)၊ မက်သရူးအက်ဆင်(ဝက်စ်ဟမ်း)၊ ဂျိုနသန်ဝုဒ်ဂိတ်(စပါး)။

အလယ်တန်း-မိုက်ကယ်ကာရစ်(မန်ယူ)၊ ဂျရတ်(လီဗာပူး)၊ ဘာရီ(ဗီလာ)၊ ဂျာမိန်းဂျီးနက်စ်(စပါး)၊ အိုဝင်ဟားဂရေ့ဗ်စ်(မန်ယူ)၊ ဂျိုးလ်ကိုး(ချယ်လ်ဆီး)၊ အက်ရှလေယောင်(ဗီလာ)၊ ဒေါင်းနင်း(မစ်ဒယ်ဘရော့)၊ ရိုက်ဖီးလစ်(ချယ်လ်ဆီး)၊ ဘန့်တလေ(ဘလက်ဘန်း)။

ရှေ့တန်း - ဟက်စကီး(ဝီဂန်)၊ အက်ဘွန်လဟော်(ဗီလာ)၊ မိုက်ကယ်အိုဝင်(နယူးကာဆယ်)၊ ရွန်နေ(မန်ယူ) နှင့် ပီတာခရော့ချ်(လီဗာပူး)တို့ ဖြစ်ကြသည်။

ကိုးကား-အင်တာနက်

DIAMOND DRAGON INDUSTRY CO.,LTD.
ပီနံမိုးရေကာဖျင်
ခေတ်မီစက်မြင့် နိုင်ငံတကာအဆင့်ရှိ ပီနံမိုးရေကာဖျင်ကို စင်ကြယ် (B/O-301)၊ ရွှေမြင်း(B/O-201)တံဆိပ်(နှစ်မျိုး) ထုတ်လုပ်ဖြန့်ဖြူးနေပြီး သင်္ဘော၊ မော်တော်ကား၊ ယာဉ်အမျိုးမျိုး အိမ်အမိုး၊ ကုန်ပစ္စည်းအမိုးအကာ၊ ပုစွန်သားပေါက်ကန်လယ်ယာကိုင်းကျွန်းလုပ်ငန်းမျိုးစုံတို့တွင် အသုံးပြုနိုင်ပါသည်။ ဖြန့်ဖြူး အသုံးပြုလိုသူများ ဆက်သွယ်နိုင်ရန်။
DIAMOND DRAGON INDUSTRY CO.,LTD
No. # 02-04 , # 02-05. 1st. Floor , Lanmadaw Plaza .
Lanmadaw Street . Latha Township . Yangon , Myanmar.
TEL : 951-227616 , 951-227617 ,951-227618
FACTORY TEL : 951-684162 , 951-684169

FAMILY Entertainment Group
A Member of Forever Group
MRTV-4 INTERNATIONAL
MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ၏ နှစ်သစ်ကူးအထူးအစီအစဉ်
၂၆-၁-၂၀၀၈ မှ ၉-၂-၂၀၀၈ အထိ
International Packages
International Packages ဝယ်ယူအားပေးသူအားလုံးအတွက် ၂၅% လျှော့စျေး ပေးမည့်အပြင်
၁၂လ ဝယ်ယူသူများအတွက် .. ၁၀% နှင့်
၆လ ဝယ်ယူသူများအတွက် ... ၅% ထပ်မံ လျှော့ပေးပါမည်။
Premium Package
စက်နှင့်ကဒ် + Premium တစ်လ FREE
34/B, ကမ္ဘာအေးဘုရားလမ်း ... ရန်ကုန်။
Ph: 548430, 558874, 559847 Fax: 541420 email : family-ent@myanmar.com.mm
58, ... ရန်ကုန်။ Ph: 215255

မိုးကုတ်ဆရာတော်ကြီး ဓာတုမ္မစေတီ သံဃာ့ဆွမ်းလောင်းလှူဒါန်း

အမရပူရ ဇန်နဝါရီ ၂၀

မန္တလေးတိုင်း အမရပူရမြို့နယ် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ (၄၅) ကြိမ်မြောက် မင်္ဂလာဓာတုမ္မစေတီ **(အပေါ်ပုံ)** သံဃာ့ဆွမ်းလောင်း လှူဒါန်းပွဲကို ၁၃၆၉ခုနှစ် ပြာသိုလဆန်း ၁၄ရက်က ဆွမ်းတော်ကြီးကပ်လှူ ပူဇော်ပြီး ပြာသိုလပြည့်နေ့၌ သံဃာတော်အပါး၅၅၀တို့အား ဆွမ်း၊ ဆွမ်းဟင်းနှင့် စာရေးတံမဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(ဝ၉ဝ)**

မုဒုံမြို့၌ ဝိသုဒ္ဓကာရီသိမ်တော်ကြီး ရေစက်ချ ဂန္ဓဝင်ဓာတုစေတီတော်သစ် ပန္နက်တော်တင်

မုဒုံ ဇန်နဝါရီ ၂၀

မွန်ပြည်နယ် မုဒုံမြို့ရှိ ရေတောင်တောရ(ဘေးမဲ့)ကျောင်းတိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း ပရိဝုဏ်၌ ငွေကျပ်သိန်း၁၀၀ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သော ဝိသုဒ္ဓကာရီ သိမ်တော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားနှင့် သိမ်တော်ကြီး၏ ဦးထိပ်ရှိ ရွှေတိဂုံပုံတူစေတီတော်တင်လှူပွဲ၊ ပိဋကတ်သုံးပုံ ဓမ္မစေတီ ကျမ်းစာအုပ်များ ရေစက်ချအလှူတော်မင်္ဂလာနှင့် ဂန္ဓဝင်ဓာတုစေတီတော်သစ် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတို့ကို ဇန်နဝါရီ ၁၅ရက်က ယင်းကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ရေတောင်တောရ (ဘေးမဲ့)ကျောင်းတိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာဝရထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး မတည်အလှူရှင် ရေးမြို့နယ် မော့ကနင်ကျေးရွာနေ ဦးချစ်ထွေး–ဒေါ်ကျင်ဟန်မိသားစုနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်၄၅ပါးတို့အားလှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မတည်အလှူရှင်မိသားစုက ဆရာတော်၊ သံဃာတော်များအတွက် ပိဋကတ်သုံးပုံ ဓမ္မစေတီ ကျမ်းစာအုပ် ၄၄ အုပ်ကို ဆက်ကပ်လှူဒါန်းပြီး ရွှေမိုးငွေမိုး ရွာသွန်းဖြိုး ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါပရိဝုဏ်၌ ငွေကျပ်သိန်း၃၀၀ကျော် အကုန်အကျခံ တည်ဆောက်မည့် ဓာတ်တော် ၁၀၈ဆူ ကိန်းဝပ်စံပယ်တော်မူမည့် ဂန္ဓဝင်ဓာတုစေတီတော်သစ် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကိုကျင်းပရာ ရေတောင်တောရ (ဘေးမဲ့)ကျောင်းတိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ မတည် အလှူရှင် ရေးမြို့နယ်နေ ဦးချစ်ထွေး ဇနီးဒေါ်ကျန်ဟန်နှင့် အလှူရှင်တို့က ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် ပန္နက်တော်တင်ပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြက်မွေးမြူထုတ်လုပ်ရေးနှင့်ဇီဝလုံခြုံရေး ရွှေဘိုမြို့၌ ဆင့်ပွားသင်တန်းဖွင့်

ရွှေဘို ဇန်နဝါရီ ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ရက် နံနက် ၉နာရီက ရွှေဘိုမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ရုံးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ပြောကြား

အခမ်းအနားသို့ ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းထွန်း၊ ရွှေဘိုမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာတင်တင်ဌေးနှင့် ရွှေဘိုမြို့နယ် မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘိုဝင်းတို့က အမှာစကား ပြောကြားကြသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ၁၁ရက်မှ ၁၃ရက်အထိ ပို့ချပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ပညာရေးစုံညီပွဲတော် ဆွမ်ပရာဘွမ်၌ ကျင်းပ

ဆွမ်ပရာဘွမ် ဇန်နဝါရီ ၁၅

ဆွမ်ပရာဘွမ်မြို့နယ် ပညာရေး ဦးစီးဌာနက ကြီးမှူး၍ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ၈ရက် နံနက် ၁၀နာရီက ဆွမ်ပရာဘွမ်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်သိန်းက အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ် လက်ထောက် ပညာရေးမှူး ဦးငြိမ်းအောင်က စုံညီပွဲတော်အကြောင်း သိကောင်းစရာများ၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြိုင်က လက်ရှိ အထက ကျောင်း၏ အခြေအနေကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ ကျောင်းသား ကျောင်းသူများအားဆုချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ဖျော်ဖြေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာဈေးအတွင်းရှိ သား၊ ငါး ရောင်းချဆိုင်များမှ အလေးချိန်ခွင်များ ပြည့်ဝမှုရှိ၊မရှိကို ဇန်နဝါရီ ၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး)ဦးခင်အေးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ချမ်းမြေ့ရိပ်သာကျောင်း တရားစခန်းပွဲ

မကွေး ဇန်နဝါရီ ၂၀

မကွေးမြို့ နတ်မောက်လမ်း ချမ်းမြေ့ရိပ်သာကျောင်းတိုက်၌ တစ်နှစ်လျှင် ဝါခေါင်၊ တော်သလင်း၊ တပို့တွဲ၊ သင်္ကြန်အခါများတွင် တရားစခန်းပွဲများကို နှစ်စဉ်မပြတ် ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ၄ရက်မှ ၂၁ရက်(တပို့တွဲလဆန်း ၈ရက်မှလပြည့်နေ့)အထိ ကျင်းပမည့် ဝါပအထူးရှစ်ရက်တရားစခန်းပွဲ၌အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဏ္ဍာဝံသ (မြောက်ဥက္ကလာ)၊ ဘဒ္ဒန္တတေဇနိယ(ချမ်းမြေ့ရိပ်သာကျောင်း)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်း ဝင်လိုသော ယောဂီများသည် ဖေဖော်ဝါရီ၃ရက် ညနေ၅နာရီအရောက်လာရောက်ကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲများ လှူဒါန်းလိုသူများသည် မကွေးမြို့ နတ်မောက်လမ်း ချမ်းမြေ့ရိပ်သာကျောင်းတိုက် တရားစခန်းဖြစ်မြောက်ရေး အဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၇၂)**

ကြူကုတ်(ပန်ဆိုင်း)မြို့စည်ပင် သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်နှင့် ပန်းခြံအတွင်း ပန်းအလှပင်များ ပြုစု ပျိုးထောင်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကိုဒီဇင်ဘာ၁ရက်က အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ–၂ (မြို့ပြ) ဦးထွန်းချစ်တို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကသာမြို့နယ်စည်ပင် မြောင်းအလှပြုပြင်

ကသာ ဇန်နဝါရီ ၂၀

ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးရှေ့မြောင်း အလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၂၀ရက်က စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးမြင့်ဇော်တို့က လုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့ တာဟန်ရပ်ကွက် ကျန်စစ်သားလမ်း အပိုင်း(၂)ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးတင်ကြည်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၄၁၇)

ကျောက်ချောခင်း

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ဇန်နဝါရီ ၁၆ရက်က ကျိုင်းလပ်မြို့ စည်ပင်သာယာရေးအဖွဲ့ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျောက်ချောခင်းထားသော ခွာညိုလမ်းကို ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးအောင်ရွှေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် ပညာရေးစုံညီပွဲတော်ဖွင့် ပညာရည်ချွန်နှင့် ဘက်စုံထူးချွန်ဆုများချီးမြှင့်

ပျော်ဘွယ် ဇန်နဝါရီ ၂၇

ပျော်ဘွယ်မြို့နယ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုများ ချီးမြှင့်ပွဲကို ဇန်နဝါရီ၇ရက် နံနက်၉နာရီက အမေထိန်းခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်က အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုများနှင့် ဘက်စုံထူးချွန်ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အနုပညာ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(ဝဇ၅)**

ဦးကြည်ညွှန့်-ဒေါက်တာဒေါ်တင်တင်လွင်မိသားစု အမှတ် ၁၂၁၆ဘီ သံလွင်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းက ထာဝရဆွမ်းပဒေသာပင် အပင်၁၀၀အတွက် ငွေကျပ်၁၀သိန်းကို ဥက္ကဋ္ဌ ဦးဝင်းထိန်၊ တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့်(ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် မဟာစည်သာသနာ့ရိပ်သာ)တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မန်ဟီးရိုးမြို့ နောင်ဟင်-တာဆန့် ကျောက်ချောလမ်းဖွင့်

မူဆယ် ဇန်နဝါရီ ၁၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မန်ဟီးရိုးမြို့ နောင်ဟင်-တာဆန့် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကိုဒီဇင်ဘာ ၂၉ရက်က ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အောင်သန်းထွဋ် တက်ရောက် အမှာစကား ပြောကြားသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းအိုက်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဝေါမြို့၌ ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ဆုချီးမြှင့်

ဝေါ ဇန်နဝါရီ ၁၈

ဝေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး ကျင်းပသော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာကျော်က အမှာစကားပြောကြားပြီး မွေးစမှနှစ်နှစ်အထိ ကလေးပြိုင်ပွဲနှင့် သားကောင်း မိခင်ဆုရရှိသူများအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာကျော်နှင့်အဖွဲ့ဝင်များက ဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ကြသည်။**(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ စစ်ကိုင်း အုန်းတောကျေးရွာ၌ကျင်းပ

မန္တလေး ဇန်နဝါရီ ၂၉

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် ည၇နာရီက စစ်ကိုင်းမြို့ အုန်းတောကျေးရွာ အထက်တန်းကျောင်း မေယုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ချစ်နိုင်(စိတ်ပညာ) က စကားလက်ဆောင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လယ်တွင်းသားစောချစ်က ဘဝမှာစာ စာမှာဘဝခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

အဆိုပါ စာပေဟောပြောပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မိုးနှင့်အဖွဲ့ဝင်များ၊ အုန်းတောကျေးရွာအုပ်စုအတွင်းရှိ ပန်းချီ၊ ရုံးပင်ကန်၊ ရှမ်းတပ်၊ ကျော်ဇေယျာ၊ ယင်းမကျင်း၊ ကျောက်ဆည်၊ အောင်သာ၊ရွာသစ်နှင့် နတ်ခရိုင်ကျေးရွာများမှ စာပေဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော ဟံသာဝတီရပ်ကွက် ဟံသာဝတီလမ်း ကတ္တရာခင်းခြင်းကို အမှုဆောင်အရာရှိဦးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (က-ပ)

မြဝတီမြို့ အိမ်တွင်းမှုကျောင်းသို့ အလှူငွေပေးအပ်

မြဝတီ ဇန်နဝါရီ ၁၂

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ၅ ရက် ညနေ ၃နာရီက မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းရှိ သင်တန်းခန်းမ၌ ကျောင်းအုပ်နှင့် သင်တန်းနည်းပြများ၊ အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်း၊ ကြိမ်၊ဝါး သင်တန်းမှ သင်တန်းသူများနှင့် တွေ့ဆုံပွဲတွင် ပြည်နယ်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး သင်တန်းကျောင်းအတွက် အလှူငွေကျပ် သုံးသိန်းကိုလှူဒါန်းရာ ကျောင်းအုပ် ဒေါ်ညိုညိုမြင့်က လက်ခံယူသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်း၌ သင်ကြားနေမှုများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးမြို့ ရှင်စောပုရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများသို့ ဝတ်စုံနှင့်ရန်ပုံငွေ လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ငွေက အရန်မီးသတ်တပ်စုမှူးအား မီးသတ်ဝတ်စုံ ပေးအပ်စဉ်။ (ဝ၆ဝ)

ဖလမ်းမြို့၌ ကလေးများအား အာဟာရတိုက်ကျွေး

ဖလမ်း ဇန်နဝါရီ ၃၀

ချင်းပြည်နယ် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ဇန်နဝါရီ ၂၉ရက်က ဖလမ်းမြို့ပေါ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း၊ မူကြိုကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကလေးများအား အာဟာရတိုက်ကျွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ လှုပ်ရှားမှုတွင် အလကမှ မူလတန်း ၄၅ဦး၊ မူကြိုကျောင်းမှ ၄၂ဦးနှင့် အထက(၂)မှ မူလတန်းကလေး ၅၇ဦးတို့အား အာဟာရများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မီးဘေး ကာကွယ်ရေး ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျန်းမာသန့်ရှင်းသပ်ရပ်သော မြို့ဖြစ်စေရန်အတွက် ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ်ဖြစ်စေနိုင်သော နေရာများကို ဇန်နဝါရီ ၁ရက်က ဦးစီးအရာရှိ ဦးဂျွန်စယ်၊ ဒုတိယဦးစီးမှူး(သန့်) ဦးသန်းဝင်းနှင့် ကျန်းမာရေးမှူး(၂) ဦးနေလင်းကျော်တို့ ဦးဆောင်၍ မြို့မ၊ မင်းရပ်၊ မြို့သစ်၊ ရန်ကြီးအောင်၊ ယုဇနရပ်ကွက်နှင့် ကျွန်းပင်သာ ရပ်ကွက်များတွင် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ကြသော စက်ဘီး၊ ဆိုင်ကယ်၊ ဝရိန်လုပ်ငန်းများ၊ မုန့်ဖုတ်လုပ်ငန်းများ၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်မှု ရှိမရှိစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သာကေတမြို့နယ် အမက(၃၀)၏ နှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၅ရက်က ကျောင်းစုံညီခန်းမ၌ ကျင်းပရာ သူငယ်တန်းမှဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပညာရည်ချွန်ဆုရ မောင်ကျော်မင်းခန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးအောင်ကဆုချီးမြှင့်စဉ်။ (က-ပ)

ဇန်နဝါရီ ၇ရက်က တာမွေမြို့နယ် အမက(၁၂) ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံ ထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်အဆင့်နှင့် ကျောင်းအဆင့် ထူးချွန်ဆုရ စတုတ္ထတန်းမှ မအေးနန္ဒီအောင်အား ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးစိုးမြက ဆုချီးမြှင့်စဉ်။(က-ပ)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗမ/၆၁၉၂ HIBIRD မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဒွန်း ၁/မစန(နိုင်)၀၀၁၈၁၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဗန်းမော်မြို့)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ထဝ/၆၁၈၀ အမျိုးအမည် Honda Dream ND-125 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိုယု ၆/လလန(နိုင်)၀၅၈၅၀၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ထားဝယ်)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုသန်းအောင်၁၂/ကမရ(နိုင်) ၀၄၂၇၁၆၏ နိုင်ငံကူးလက်မှတ် အမှတ်–၅၀၆၁၆၁သည်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၇၂၃၀၄၄။**

အမြန်ဆက်သွယ်ပါ

ဒေါ်သွယ်သွယ်စန်း
၉/မရတ(နိုင်)၀၄၈၁၉၇
လုပ်ငန်းကိစ္စအတွက်
အမြန်ဆက်သွယ်ပါ။
ဦးအေးသိန်း
ဖုန်း–၀၉–၅၀–၂၅၉၀၄။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၃၆–ကေ)၊ မြေကွက်အမှတ် (၁၁၁–ကေ)၊ ဧရိယာ၀ဒသမ၂၀၀ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၃–ဒီ) အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်သူ ဦးဗိုလ်ကြည်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၂၄/၂၀၀၆)ရရှိထားသူ ဦးတင်မြင့်(ခ)ဦးဂျိုးဇက်၁၂/စခန (နိုင်) ၀၅၇၉၄၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်တန်ဖိုးငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသက်ထွန်း	**ဒေါ်ကြည်ကြည်ဌေး**
B.A(Law),LL.B	**B.A(Law),LL.B**

တရားရုံးချုပ်ရှေ့နေများ
တိုက် ၃၁၅၊ အခန်း ၆၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်။
ဖုန်း–၅၅၆၈၁၂၊၀၉–၅၀–၁၅၂၃၄၊၀၉–၅၀–၃၁၂၃၄။

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားခြင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ–၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၈ ခုနှစ် တရားမအထွေထွေမှုအမှတ်–၉
[ကွယ်လွန်သူ ဦးတန်တိုးတင်(ခ)ဦးခင်မောင်၏ ကျန်ရစ်သောပစ္စည်းအကြောင်း]

ဦးလှတင်
အမှတ် ၅၆၊ လမ်း ၂၀၊
၃ ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ **လျှောက်ထားသူ**

အမှတ် ၅၆၊ လမ်း ၂၀၊ ၃ ရပ်ကွက်၊ လသာမြို့နယ်နေ ဦးလှတင်က ကွယ်လွန်သူ ဦးတန်တိုးတင်(ခ)ဦးခင်မောင်၏သားဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူဦးတန်တိုးတင်(ခ)ဦးခင်မောင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးတန်တိုးတင်(ခ)ဦးခင်မောင်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ် ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် (၁၃၆၉ ခုနှစ် တပို့တွဲလပြည့်နေ့) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးလှတင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်စိုး
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၁၃၁၃၂ Kenbo Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်း၇/ပတတ(နိုင်)၀၅၃၄၁၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့။

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

မြင်းမူမြို့ အလ္လကပ္ပစံပြကျေးရွာအထက စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော

စစ်ကိုင်း ဇန်နဝါရီ ၁၈

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် အလ္လကပ္ပစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇန်နဝါရီ ၁၀ရက် မွန်းလွဲ ၁နာရီက စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာရေးဆရာကြီးများဖြစ်သည့် လယ်တွင်းသားစောချစ်နှင့် ချစ်နိုင်(စိတ်ပညာ)တို့က စာပေရေးရာများ ဟောပြောကြသည်။

တက်ရောက်

ထို့နောက် ည ၇နာရီတွင် မြင်းမူမြို့ ရွှေမဟာသီရိရပ်ရှင်ရုံ၌ ချစ်နိုင်(စိတ်ပညာ)က ရည်မှန်းချက်ရှိရမယ်၊လယ်တွင်းသားစောချစ်က ရသနှင့် စာပေခေါင်းစဉ်တို့ကို ဟောပြောရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အလားတူ ဇန်နဝါရီ၁၆ရက်ည၇နာရီက စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း မေယုခန်းမ၌ ချစ်နိုင်(စိတ်ပညာ)က စကားလက်ဆောင်၊ လယ်တွင်းသားစောချစ်က ဘဝမှစာ၊ စာမှဘဝခေါင်းစဉ်တို့ဖြင့် ဟောပြောကြရာ ကျေးရွာအုပ်စုအတွင်းရှိအုန်းတော၊ ပန်းချီ၊ ရုံးပင်ကန်၊ ရှမ်းတပ်၊ ကျော်ဇေယျာ၊ ရင်းမဂျင်း၊ ကျောက်ဆည်၊ အောင်သာ၊ ရွာသစ်နှင့် နတ်ခရိုင်ကျေးရွာများမှ စာပေဝါသနာရှင်များ တက်ရောက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်ရွက်သော ပင်လုံ–ပန်ဟူးကျေးလက်မြေသားလမ်း(ဝမ်မိုင်–ဟဲနန်းအပိုင်း)ဖောက်လုပ်ထားမှုကို ဒီဇင်ဘာ ၁၁ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း စစ်ဆေးရာ မြို့တာဝန်ခံဦးစီးအရာရှိ ဦးသစ်ထူးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ–၂ ဦးထွန်းမင်းသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သာပေါင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဆောင်ရွက်သည့် ချမ်းမြေ့သာယာ လမ်း ကျောက်လမ်းမြှင့်တင်ခြင်းနှင့် ကတ္တရာ ထပ် ပိုး လွှာ ခင်း ဆောင် ရွက် ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၈ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးနေဦး ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိဦးအောင်သူဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့၌ လမ်းနှင့်တံတားတည်ဆောက်ရန်ငွေလှူဒါန်း

တောင်ငူ ဇန်နဝါရီ ၂၈

တောင်ငူမြို့ ဗြဟ္မစိုရ်လူမှုရေးကူညီမှုအသင်းမှ ငွေကျပ်သိန်း၂၀၀ကျော်ဖြင့် ပြုပြင်တည်ဆောက်ဆဲဖြစ်သည့် တောင်ငူမြို့ အနောက်ဘက် ဘာသာပေါင်းစုံ ဇောမိသာရ သုသာန်လမ်းနှင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းအတွက် တောင်ငူမြို့နေ ရွှေနဂါးဆီချက် ခေါက်ဆွဲဆိုင်ပိုင်ရှင် ဦးသောင်းလွင်–ဒေါ်လှအေး၊ သမီး မနှင်းနှင်းအိနှင့် သား မောင်ကျော်ဘိုဘိုဟန် မိသားစုက တံတားတစ်စင်းစာအတွက် အလှူငွေကျပ် ၂၈သိန်း ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၆ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ မေတ္တာနှင့်စေတနာ သွေးလှူရှင်အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်မိသားစုက လှူဒါန်းငွေကျပ် ၂၈သိန်းကို ပေးအပ်လှူဒါန်းကြရာ ဗြဟ္မစိုရ်လူမှုရေးကူညီမှု အသင်းနာယကများ ဖြစ်ကြသော ဦးကျော်လှ(သတင်းထောက်)၊ ဦးသိန်းလှိုင်နှင့် ဦးတင်လှ(ပစ်တိုင်းထောင်)တို့က လက်ခံယူကြပြီး**(ယာပုံ)** အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာကို အသင်းနာယကများ ဖြစ်ကြသော ဦးကျော်စိန်၊ ဦးတင်ထွန်းနှင့်ဦးညွန့်လှိုင်တို့က ပြန်လည် ပေးအပ်ကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ လမ်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ အသင်းနာယက ဦးကျော်စိန်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး အသင်းဥက္ကဋ္ဌဦးမြင့်ညို(အမေ့အိမ်)က ကျေးဇူးတင်စကား ပြောကြားသည်။ ငွေလှူဒါန်းပွဲ အခမ်းအနားသို့ ဗြဟ္မစိုရ်လူမှုရေး ကူညီမှုအသင်းနာယကများနှင့် အကျိုးတော်ဆောင်ကော်မတီဝင်များ၊ ဘာသာပေါင်းစုံတို့မှ ကိုယ်စားလှယ်များနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။ **(၀၄၇)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၂)ရပ်ကွက် အများသုံးရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံပေးခြင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၁ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်စွာသိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အထူးကုဆရာဝန်ကြီးများ ကန်ပက်လက်ဆေးရုံသို့ ကွင်းဆင်းကုသ

မင်းတပ် ဇန်နဝါရီ ၂၈

မင်းတပ်ခရိုင် ကျန်းမာရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မင်းတပ်ခရိုင် ဆရာဝန်ကြီးဒေါက်တာညီညီမင်း ဦးဆောင်သော မီးယပ်သားဖွားအထူးကု၊ ခွဲစိတ်အထူးကုနှင့်သမားတော်ပါဝင်သောအဖွဲ့သည် ကန်ပက်လက်မြို့နယ်ပြည်သူ့ဆေးရုံတွင် ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ရက်တို့က အခမဲ့ကွင်းဆင်းကုသပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဝမ်းတွင်းမြို့ ရေပေးရေး စက်ရေတွင်းတူးဖော်

ဝမ်းတွင်း ဇန်နဝါရီ ၂၄

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်လျက်ရှိသည့် ဝမ်းတွင်းမြို့ ၂ရပ်ကွက် မြို့ရေပေးရေး လေးလက်မစက်ရေတွင်း တူးဖော်နေမှုကို ဇန်နဝါရီ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် အငယ်တန်းအင်ဂျင်နီယာ–၂(စက်မှု) ဦးနောင်နောင်လတ်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာများသို့သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှတ်(၉) ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းရှိ ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သတင်းနှင့် ဆောင်းပါးအညွှန်း

❐ တရုတ်၌ ဆီးနှင်းများ ထူထပ်စွာ ဆက်လက်ကျဆင်း — စာ – ၅

❐ ကံကြမ္မာရယ်က ဝေးဖို့ဖန်လာ — နိုင်ငံတကာမှုခင်း စာ – ၆

❐ ပထမပိုဒ်၏ ပထမဆုံးစကားလုံး lovelorn မှာ အဓိကဆိုလိုရင်းဖြစ်ပြီး အဓိပ္ပာယ်မှာ (ချစ်ဒုက္ခရောက်နေသော)ဖြစ်သည်။ ရှိပြီးအသုံးကိုပင် "heart-ache" "heartbreak" စကားလုံးများဖြင့် မထပ်ရ၊ မရိုးရအောင် အလဲအလှယ်သုံးထားပါသည်။ — အမ်အမ်အေ၏ နိုင်ငံခြားသတင်းဘာသာပြန်ဆိုရာတွင်.... စာ –၇

❐ ငါးထပ်ကွမ်း အကယ်ဒမီရန်အောင်၏ အကယ်ဒမီ ကြိုတင်ရင်ခုန်သံ — မောင်မောင်မြင့်ဆွေ၏ တွေ့ဆုံမေးမြန်းခန်း စာ – ၁၁

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား